ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (12-1-2005) (၄၄၇၆)

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Mani Shankar Aiyar** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar နှင့် အဖွဲ့အား ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✥

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဖေဖော်ဝါရီလ ၁၇ရက်တွင် ပြန်လည်စတင်ကျင်းပမည်

ညီလာခံကိုယ်စားလှယ်များအား ဖေဖော်ဝါရီ ၁၅ရက်ထက် နောက်မကျဘဲ လာရောက်ရေးဖိတ်ကြား
ကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့ အဆင်ပြေချောမွေ့စွာရောက်ရှိရေး စနစ်တကျကြိုတင်စီမံ
ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရမည့် ကိစ္စအဝဝကို အချိန်မီပြီးစီးအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များ တက်ရောက်ကြသည်။ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(12-1)Inter.P65 1 1/1/32, 14:48

ကြေးမုံ
The Mirror
၁၂-၁-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

မြန်မာ့အားကစား အရှိန်အဟုန်မြှင့်တင် အားကစားပြိုင်ပွဲတိုင်း အောင်ပန်းဆင်နိုင်ရေးကြိုးပမ်း

မျက်မှောက်ကမ္ဘာ့အားကစားနယ်ပယ်ကို လေ့လာကြည့်လျှင် အံ့မခန်း တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့မြင်ရသည်။ အားကစားနည်း အမျိုးအစားအလိုက် အားကစားသမားများ၏ စွမ်းဆောင်ရည်၊ နည်းစနစ်၊ ကြံခိုင်မှုအပိုင်းတို့တွင် တစ်ဟုန်ထိုး မြင့်မားလာလျက်ရှိသည်။

အားကစားသည် ယှဉ်ပြိုင်မှုသက်သက်မျှသာမဟုတ်ဘဲ လူသားများအချင်းချင်း ချစ်ကြည်ရင်းနှီးရေးအတွက် ပေါင်းကူး တံတားသဖွယ် ဖြစ်လာခဲ့သည်။ ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ကြီးတွင် နိုင်ငံအားလုံး၊ လူသားအားလုံးကို ကိုယ်စားပြု၍ ပါဝင်ဆင်နွှဲနိုင်ခဲ့ကြသည်။

မြန်မာ့အားကစားသည် အတိတ်က အရှေ့တောင်အာရှတွင်သာမက အာရှမှသည် အိုလံပစ်စင်မြင့်အထိ တက်လှမ်းရောက်ရှိနိုင်ခဲ့သည်။ အထူးသဖြင့် ဘောလုံးအားကစားနှင့် မြန်မာ့ပြေးခုန်ပစ် အကျော်အမော်တို့ အရှေ့တောင်အာရှတွင် အောင်ပွဲဆင်နိုင်ခဲ့ကြသော မှတ်တိုင်များရှိခဲ့သည်။

ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားလုပ်ငန်းရပ်ကို တစ်ခဲနက် အားပေးမြှင့်တင်ပေးလျက်ရှိသည်။ တစ်မျိုးသားလုံး ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစား အောင်မြင်မှု အပြည့်အဝရရှိစေရန် မျှော်လင့်အားပေးလျက်ရှိသည့် ကာလဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၀ ရက်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး ပြိုင်ပွဲကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မြားပစ်ပညာရပ်သည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ထင်ရှားခဲ့သော ပညာရပ်ဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ မြားပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်မှာ နှစ်အနည်းငယ်မျှသာ ရှိသေးသည်ကို တွေ့ရသည်။

နိုင်ငံတော်၏ အားပေးမှုနှင့်အညီ မြန်မာ့မြားပစ်အားကစားသမားများအနေဖြင့် ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့မြားပစ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်နိုင်လျက်ရှိသည်။ ထို့ပြင် ဒေသဆိုင်ရာ မြားပစ်ပြိုင်ပွဲများ၊ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးနိုင်သည်အထိ မြားပစ်အားကစားနည်းကို မြန်မာနိုင်ငံက ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

ယခု မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲသို့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့မှ မြားပစ်အားကစားသမား ၇၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည်။

အားကစားပြိုင်ပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်း၊ အရှေ့တောင်အာရှနှင့် ဒေသတွင်းနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခြင်းများသည် အားကစားသမားအချင်းချင်း ရင်းနှီးမှုများကို အခြေခံလျက် အဖွဲ့ဝင်နိုင်ငံများအကြား ထားရှိပြီးဖြစ်သည့် ချစ်ကြည်မှု၊ အချင်းချင်းအပြန်အလှန် နားလည်မှုများ ပိုမိုရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြန်မာ့အားကစားအဆင့်အတန်းမြင့်မားလာရေးအတွက် အဘက်ဘက်က အားပေးချီးမြှောက်လျက်ရှိသည့်ကာလတွင် မြန်မာ့အားကစားအရှိန်အဟုန်မြှင့်တင်ရေး၊ ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်ရေးတို့အတွက် အားကစားသမားများက ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲတိုင်းတွင် အောင်ပန်းဆွတ်ခူးနိုင်ရေး အားကြိုးမာန်တက်ယှဉ်ပြိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

လားရှိုးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့အထွက် ကုန်းမြင့်ယာမြေအမှတ်(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ဆင်းရတနာအထူးအထွက်ကောင်းမျိုးစေ့ထုတ်စံပြ ၁၀ ဧက စိုက်ခင်းကိုရောက်ရှိပြီး စိုက်ခင်းအတွင်း နွေစပါးစိုက်ပျိုးရန် ပျိုးဘောင်များ စနစ်တကျပျိုးထောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလိုအပ်သည်များမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်းရှိ မက္ကဒေးမီးယားစိုက်ခင်းသို့ရောက်ရှိပြီး မက္ကဒေးမီးယားပင်များ တိုးချဲ့စိုက်ပျိုးရန် တောရှင်းချုံခုတ်ခြင်းလုပ်ငန်းများနှင့်မြေပြုပြင်စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် စိုက်ခင်း၏ ရှုရပ်နေရာမှ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ မိုးစပါးစိုက်ခင်းများနှင့် နွေစပါးပျိုးခင်းများ၊ နှစ်ရှည် မက္ကဒေးမီးယားနှင့် ပျားလိမ္မော်ပင်စိုက်ခင်းများ၊ ဟင်းသီးဟင်းရွက်နှင့် စင်တင်သီးနှံပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် ရေကန် ၁၀ ဆင့်တူးဖော်၍ ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ ရေပူစမ်းကျေးရွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စိုက်ပျိုးလျက်ရှိသော ဟူးမွှန်ဆည်ရေသောက် ဆင်းရွှေလီ အထူးအထွက်တိုးစပါးစိုက်ခင်းနှင့်ဆင်းရွှေလီမွှေး(ဆန်မွှေး)စိုက်ခင်းသို့ရောက်ရှိခဲ့ပြီး စိုက်ခင်းအတွင်း နွေစပါးစိုက်ပျိုးရန် ပျိုးထောင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား ပျိုးခင်းများအတွင်း ရေသွင်းရေထုတ် စနစ်တကျပြုလုပ်ရေး ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ဆရာတော်မွေးနေ့နှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

အလုံမြို့နယ် နှင်းဆီလမ်းထိပ် သဒ္ဓမ္မဝံသာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ကြီး၏ (၈၅)နှစ်မြောက် ဝိဇာတမွေးနေ့ မင်္ဂလာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၆ခုပြာသိုလဆန်း ၇ရက်၊ ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးတပည့်၊ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၆။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- **၄:၅၀** ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Trees and Erosion (အထူးပြုအားလုံး)
- **၅:၃၀** ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း-၃၃)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း-၁၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

✤ ရှေ့ဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyarနှင့်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။ (သတင်းစဉ်)

မြတောင်စာသင်တိုက်၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ပန်းတနော်မြို့ မြတောင်စာသင်တိုက် စိန်တန်ဆောင်းတော်ကြီး အတွင်း၌ ကျင်းပမည့် မြမေတ္တာ မျက်စိအထူးကု ဆေးခန်း(၆)နှစ်မြောက် အထူးတရားပွဲတွင် နေ့စဉ် ည ၇နာရီမှစ၍ ဆရာတော်ကြီးများက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဇန်နဝါရီ ၁၅ရက်ညတွင် မြတောင်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိမလဉာဏ၊ ၁၆ရက်နှင့် ၁၇ရက်ညများတွင် ဗဟုဇနဟိတဓရ တွံတေးဆရာတော် အရှင်ကုလ္လနှ၊ ဖေဖော်ဝါရီ ၄ရက်နှင့် ၅ရက်ညများတွင် ဘွဲ့တံဆိပ်တော်ကိုးဘွဲ့ရ အရှင် အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်သည်။ (က-ပ)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar**နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ရာသက်ပန်ပြည်ထောင်စု

* ရေး- ဂီတစာဆို ဟင်္သာတမြင့်ငွေ
* ဆို - ပြည်ခိုင်ဖြိုးအသင်းသူ၊ အသင်းသားမောင်မယ်များ

❍ တို့မြန်မာနိုင်ငံတော်ကို တို့ချစ်သည်
တို့ပြည်ထောင်စုကြီးကိုတို့ချစ်သည်
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ...
အမိမြေကို စောင့်ရှောက်ကာကွယ်မည် ...
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တို့အသက်သွေး
မျိုးဆက်သစ်တို့လူငယ်ထု အားအင်ပြု
စုပေါင်းထားတဲ့အင်အားတစ်ရပ်မို့...ကျစ်လျစ်ခိုင်မာသည်
ဘယ်သူခွဲခွဲတို့မကွဲ တို့တွဲသောလက်တွေကား
ရာသက်ပန်ပြည်ထောင်စုရဲ့ ကြံ့ခိုင်သောအားဖြစ်ပါသည်...

❍ အမျိုးချစ်တဲ့ လူငယ်တွေသည် နိုင်ငံ့သားကောင်းများပီပီ
စည်းကမ်းလည်းကောင်းရမည်၊ စိတ်ဓာတ်ဖြူစင်မြင့်မားရမည် ...
စည်းကမ်းလည်းကောင်းရမည်၊ မိဘပြည်သူများကို ကူညီစောင့်ရှောက်မည် ...

❍ ပြည်ထောင်စုကြီး မပြိုကွဲရေးကို ထိန်းသိမ်း
အမျိုးသားရေးတာဝန်သည်
တစ်မျိုးသားလုံးတာဝန်ဖြစ်သည် ...
ပြည်ထောင်အတွင်း ညီနောင်ချင်း ရင်းနှီးချစ်ကြည်
နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးနှင့်
အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်သစ်ဆီ ...
ခရီးဆုံးအထိ စည်းလုံးသည့် အားနဲ့ချီတက်မည်
ရာသက်ပန်ပြည်ထောင်စုရဲ့ ကြံ့ခိုင်သောအားဖြစ်ပါသည်...

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Mani Shankar Aiyar **ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (စွမ်းအင်)

မြန်မာ-အိန္ဒိယ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar**နှင့်ဇနီး ခေါင်းဆောင်သော အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ယမန်နေ့ညပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း ခရီးစဉ်ဖြင့်ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိနှင့်ဇနီး ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။**

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိအား စွမ်းအင်ဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ဦးဆောင်သော စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mani Shankar Aiyar ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်း(၁)၌ ဆွေးနွေးကြသည်။ ထို့နောက် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ Memorandum of Understanding ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar တို့က လက်မှတ်ရေးထိုးကာ နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ဇန်နဝါရီ ၁၄ရက်အထိ နေထိုင်ကာ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးညှိနှိုင်းပွဲသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ကမ်းလွန်ဒေသ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းများကို လေ့လာသွားမည် ဖြစ်သည်။ (သတင်းစဉ်)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲကို လသာမြို့နယ် ရဲတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှကြီးမှူး၍ ဇန်နဝါရီ ၄ရက်က ကျင်းပရာ ဆုရရှိသူ ရဲတပ်ဖွဲ့ဝင် တစ်ဦးအား မြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးခင်မောင်ဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၁၉)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်ခို့

၂၀၀၅-ခုနှစ်၊ ဇန်နဝါရီလ (၁၁) ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၁၁၃၄၉) တိုက်ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

အမေရိကန်က အီရတ်တွင် မှားယွင်းဗုံးကြဲ အပြစ်မဲ့အရပ်သား ငါးဦးသေဆုံးကြောင်း ဝန်ခံ

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အမေရိကန်စစ်ဘက်က မိုဆူးလ်မြို့ပြင်ရှိ အိမ်တစ်အိမ်ကို မှားယွင်းကာ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးတစ်လုံး ကြဲချမိ၍ ငါးဦးသေဆုံးခဲ့ကြောင်းဖြင့် ကြေညာသည်။ သို့ရာတွင် ယင်းဗုံးကြဲခံရသည့်အိမ်ပိုင်ရှင်က ကလေးခုနစ်ဦးအပါအဝင် လူ ၁၄ ဦး သေဆုံးခဲ့သည်ဟု ပြောကြားသည်။

တောင်းဆို

ဆွန်နီအာရပ်လူမျိုးများ၏ ဇန်နဝါရီ ၃၀ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ခြိမ်းခြောက်ထားမှုအပေါ် နိုင်ငံရေးအရ ဖိအားပေးရန်အတွက် အမေရိကန်သံရုံးမှ အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် အီရတ်သို့သွားရောက်ခဲ့ပြီး ဆွန်နီအာရပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ မိုဆူးလ်မြို့မှ ၄၈ ကီလိုမီတာအကွာရှိ အိုင်သာကျေးရွာကို ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဆွန်နီအာရပ်များက အမေရိကန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့် အချိန်ဇယားထုတ်ပြန်ရန် တောင်းဆိုခဲ့ကြကြောင်း အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက ကြေညာသည်။

ခုခံတိုက်ခိုက်မှုများ အီရတ်တွင်ဆက်လက်ဖြစ်ပွားနေရာ အီရတ်နိုင်ငံသား ရှစ်ဦးထက်မနည်းသေဆုံးခဲ့သည်။

သဘောပေါက်

အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ရွေးကောက်ပွဲကိုစီစဉ်ထားသည့်အတိုင်း ဆက်လက်ကျင်းပရန် အခိုင်အမာပြောကြားလျက်ရှိသည်။ သို့ရာတွင် အီရတ် အစိုးရအတွက် အလွန်တရာအတိမ်းအစောင်း မခံသည့်အချိန် ဖြစ်ကြောင်း အမေရိကန် ဦးဆောင်သည့် အပေါင်းပါ တပ်ဖွဲ့ဝင်များနှင့် နီးစပ်စွာ လုပ်ကိုင်နေသူအများစုက သဘောပေါက်ထားကြသည်။

အမေရိကန်တပ်ဖွဲ့က အက်ဖ်-၁၆ ဂျက်လေယာဉ်ဖြင့် ပေါင် ၅၀၀အလေးချိန်ရှိဗုံးကို အိမ်ပေါ်ကြဲချခြင်းသည် အမေရိကန် ဆန့်ကျင်ရေး တပ်ဖွဲ့မှ ကလာပ်စည်းခေါင်းဆောင်အားဖမ်းဆီးရန်စစ်ရေးအရ လှုပ်ရှားမှုပြုလုပ်စဉ်အတွင်း မှားယွင်းမှုသာ ဖြစ်ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အဓိကထား

ဖော်ပြပါအိမ်သည် လေကြောင်းတိုက်ခိုက်ရန်အတွက် အဓိကထားသည့် ပစ်မှတ်တစ်ခု မဟုတ်ကြောင်း၊ ရည်ရွယ်ထားသည့် ပစ်မှတ်မှာ ယင်းအနီးရှိ အခြားနေရာတစ်ခုပင်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

လေကြောင်းမှ တိုက်ခိုက်မှုသည် နံနက် ၂ နာရီခွဲတွင် ဖြစ်ပွားခဲ့ကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များက ရတ်တရက် အိမ်ကို ဝိုင်းရံထားပြီး ပတ်ဝန်းကျင်နှင့် လေးနာရီကြာအဆက်ဖြတ်ထားကြောင်း၊ အိမ်မှအုတ်ချပ်များ ပျက်စီးခဲ့ရကြောင်း အိမ်ရှင် အလီယူဆွတ်က ပြောကြားသည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့က မှားယွင်း ဗုံးကြဲမှုကြောင့် ပျက်စီးနေသော မိုဆူးလ်မြို့ပြင်ရှိ အရပ်သား နေအိမ်တစ်လုံးကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂွာတီမာလာတွင် မီးတောင်သုံးလုံး တစ်ပြိုင်တည်းလှုပ်ရှားမှုကြောင့် အရေးပေါ်အခြေအနေ တပ်လှန့် နှိုးဆော်ထား

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၀

မကြာမီရက်များအတွင်း ဂွာတီမာလာနိုင်ငံရှိ မီးတောင်သုံးလုံးရှေ့ဆင့်နောက်ဆင့် သက်ဝင်လှုပ်ရှားကာ အသေးစားပေါက်ကွဲမှုများဖြစ်ပေါ်လာသည်ကို တွေ့ရပြီးနောက် အာဏာပိုင်များက အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် တပ်လှန့်နှိုးဆော်ထားကြောင်း မြို့တော်ဂွာတီမာလာစီးတီးမှလာသော သတင်းများအရ သိရသည်။

ရှေ့ဆင့်နောက်ဆင့်လှုပ်ရှားလာသော မီးတောင်သုံးလုံးမှာ ပါစာယာမီးတောင်၊ စင်တီယာဂူတိုမီးတောင်နှင့် ဖီဂိုမီးတောင်တို့ ဖြစ်သည်။ လူအများအနေဖြင့် အန္တရာယ်ကျရောက်လာမည့်ဘေးကို သတိမူပြီး နိုးနိုးကြားကြားရှိနေစေရန် ကြိုတင်တပ်လှန့်သတိပေးနေခြင်းဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟူရိုဟာနန်ဒေဇ်က ပြောကြားသည်။

ရွှေ့ပြောင်းပေး

လွန်ခဲ့သော သီတင်းပတ်မှစ၍ မီးတောင်သုံးလုံးမှချော်ရည်များ၊ ပြာများနှင့် ကျောက်တုံးကျောက်ခဲများကို များများစားစား မဟုတ်သော်လည်း များပြားစွာ လွှတ်ထုတ်နေခဲ့သည်။ ထိုအခြေအနေကြောင့် မီးတောင်များတည်ရှိရာ ဝန်းကျင်ဒေသမှ လူအများအပြားကို နေရာရွှေ့ပြောင်းပေးခဲ့သည်ဟု ဟာနန်ဒေဇ်ကဆက်လက်ပြောကြားသည်။

စင်တီယာဂူတို မီးတောင်သည် မြို့တော်၏ အနောက်ဘက်ကီလိုမီတာ ၁၅၀ အကွာရှိ ကွီဇာတီနန်ဂိုအရပ်တွင်တည်ရှိသည်။ ပါစာယာမီးတောင်မှာစာဇာတီပီကွမ် အက်စီအင်တလာနှင့်ချီလ်မာတီနန်ဂိုအရပ်များအကြားတွင်တည်ရှိသည်။ ထိုမီးတောင် နှစ်လုံးမှာပြီးခဲ့သော ဇန်နဝါရီလ ၉ရက်မှစ၍ လှုပ်ရှားလာခဲ့ကြသည်။

ဖီဂိုမီးတောင်သည် ဂွာတီမာလာစီးတီး၏ အနောက်တောင်အရပ် ကီလိုမီတာ ၆၀ အကွာတွင် တည်ရှိပြီး လွန်ခဲ့သော ရက်အတန်ကြာကတည်းက ချော်ရည်များ မီးခိုးပြာများ လွှတ်ထုတ်နေခဲ့ခြင်း ဖြစ်သည်။ မီးတောင် သုံးလုံးတစ်ပြိုင်နက်တည်းဆိုသလို လှုပ်ရှားလာသော အခြေအနေမျိုးသည် ကြုံတောင့်ကြုံခဲအဖြစ်အပျက်ဖြစ်သည်။ လွန်ခဲ့သောအနှစ် ၃၀ကျော်ကာလအတွင်း ထိုအဖြစ်မျိုး ယခုတစ်ကြိမ်သာ ပေါ်ပေါက်ဖူးသေးကြောင်းသိရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဇင်ဘာဘွေတက္ကသိုလ်ဘွဲ့ရများအတွက် တောင်ကိုရီးယားကုမ္ပဏီက ပညာသင်ဆုပေးမည်

ဟာရာရေး ဇန်နဝါရီ ၁၀

ဇင်ဘာဘွေတက္ကသိုလ်မှ ဘွဲ့ရများကို တောင်ကိုရီးယားနိုင်ငံတွင် ပါရဂူဘွဲ့သင်တန်းတက်ရောက်နိုင်ရေးအတွက် တောင်ကိုရီးယားကုမ္ပဏီတစ်ခုက ပညာသင်ဆု ရန်ပုံငွေတစ်ရပ်ထူထောင်မည်ဟု ပြောကြားသည်။

ကွန်ပျူတာအလုံး ၂၀ကို ဇင်ဘာဘွေတက္ကသိုလ်သို့ပေးအပ်သည့် အခမ်းအနားတွင် ဘလူးထရက်အင်ဗက်စမင့်ကုမ္ပဏီညွှန်ကြားရေးမှူး ကီဗင်အန်းက ဇင်ဘာဘွေနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည်ဟု သောကြာနေ့တွင်ပြောကြားသည်။ ၎င်းကုမ္ပဏီသည် လာမည့်ငါးနှစ်အတွင်း ကွန်ပျူတာ၅၀၅လုံးကို ဇင်ဘာဘွေတက္ကသိုလ်သို့ လှူဒါန်းမည်ဖြစ်သည်။

ပညာသင်ဆုရန်ပုံငွေကို စီမံခန့်ခွဲရန်နှင့်ပညာသင်ဆုရွေးချယ်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များချမှတ်ရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ဇင်ဘာဘွေတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသားနှစ်ဦးသည် တောင်ကိုရီးယားနိုင်ငံတွင် ယခုနှစ်၌ ပါရဂူဘွဲ့သင်တန်းသို့ တက်ရောက်သင်ကြားမည်ဟုသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗုံးရှင်းလင်းစဉ်ပေါက်ကွဲ တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး

ဝါဆော ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံရှိ အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များက ဂိုက်ထားသည့် လက်နက် ခဲယမ်းမီးကျောက်များကို ရှင်းလင်းဖယ်ရှားရန် ကြိုးပမ်းရာ ယူကရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ကာဇက်စတန် တပ်ဖွဲ့ဝင်တစ်ဦးတို့ အီရတ်တွင် တနင်္ဂနွေနေ့က သေဆုံးခဲ့ကြကြောင်း ပိုလန်ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိအနေဖြင့် ယူကရိန်းတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် ကာဇက်စတန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ကိုသာ အတည်ပြုပြောကြားနိုင်ကြောင်း ပြောရေးဆိုခွင့်ရှိသူနာတိုစကီးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။



အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါရီ ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့ကတည်းက ပျောက်ဆုံးနေသည့် ပြင်သစ်နိုင်ငံသား သတင်းစာဆရာတစ်ဦးနှင့် ၎င်း၏ စကားပြန်တို့နှင့် ပတ်သက်သည့် သတင်းကို အခိုင်အမာ မရရှိသေးကြောင်း အစိုးရဝန်ကြီးတစ်ဦးက တနင်္ဂနွေနေ့က ပြောကြားသည်။

တွေ့ဆုံမေးမြန်း

မိမိတို့အနေဖြင့် ဖော်ပြပါ သတင်းစာဆရာနှင့်စကားပြန် တစ်ဦးတို့၏ ခိုင်မာတိကျသည့် သတင်းမရရှိသေးကြောင်း ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေးဝန်ကြီး ဗာဘရီက ရေဒီယိုအသံလွှင့်ဌာန၏ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသည်။ ၎င်းတို့၏ သတင်းကို စောင့်စားရသည်မှာ စိတ်မရှည်စရာကောင်းလှကြောင်း ဆက်လက်ပြောကြားသည်။

ပြင်သစ်လိုက်ဘရေးရှင်းသတင်းစာမှ သတင်းထောက် ဖလောရင့်စ်ယူဆီနပ်စ်သည် ၎င်း၏ စကားပြန်ဖြစ်သူ အီရတ်နိုင်ငံသား အယ်လ်ဆာဒီနှင့်အတူ ဘဂ္ဂဒက်မြို့ရှိ ဟိုတယ်မှ ဗုဒ္ဓဟူးနေ့နံနက်က ထွက်ခွာခဲ့ပြီးနောက် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။

သဲလွန်စမရရှိ

အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းတို့နှင့် စပ်လျဉ်းသည့် သတင်းသဲလွန်စမရရှိကြောင်း အီရတ်ရှိ စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့က ပြောကြားသည်။ ပျောက်ဆုံးနေသူနှစ်ဦး၏ ကျန်းမာရေးကောင်းမွန်ကြောင်း ပြင်သစ်သတင်းမီဒီယာက ပြောကြားသည်ကို လိုက်ဘရေးရှင်း သတင်းစာက အတည်ပြုခြင်းမရှိပေ။ ***အမ်အင်အေ၊ ရိုက်တာ။***

ပင်လယ်ထွက်အစားအစာများ ဖြန့်ဖြူးရောင်းချမှု ထိုင်းနိုင်ငံတောင်ပိုင်းတွင် ၉၀ ရာခိုင်နှုန်းကျဆင်းသွား

ဗန်ကောက် ဇန်နဝါရီ ၁၀

ဒီဇင်ဘာ ၂၆ ရက်က လျှင်ကြောင့် ပေါ်ပေါက်လာသည့် ဆူနာမီရေလှိုင်း အန္တရာယ် ကျရောက်ပြီးနောက် ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငါပြည်နယ် တာကွာပါခရိုင်အတွင်း ပင်လယ်ထွက်အစားအစာဖြန့်ဖြူးမှုမှာ ၉၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တနင်္လာနေ့ သတင်းများတွင် ဖော်ပြထားသည်။

ပင်လယ်ရေလှိုင်းဒဏ်ကြောင့် ကမ်းရိုးတန်း ငါးဖမ်းသင်္ဘော ၅၀၀၊ ငါးဖမ်းလှေ ၈၀ နှင့် ငါးဖမ်းဆိပ်ခံဇောတံတား ၁၀ ခုကျော် ပျက်စီးသွားသည့်အတွက် ဖန်ငါ၊ ဖူးကက်နှင့် အခြားသော ပြည်နယ်တို့သို့ ပင်လယ် အစားအစာ အဓိက ဖြန့်ဖြူးပေးနေသည့် စီးပွားရေးလုပ်ငန်းမှာ အကြီးအကျယ် ထိခိုက်ရကြောင်း ခရိုင်ရေလုပ်ငန်းရုံး၏ ပြောကြားချက်ကို ကိုးကားပြီး ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

ခြောက်လခန့်ကြာမည်

ရေလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် ခြောက်လခန့် ကြာမည်ဟု ဆိုသည်။

ပျက်စီးသွားသော ငါးဖမ်းသင်္ဘော၊ ငါးဖမ်းလှေ အားလုံးကို ပိုင်ရှင်များလက်သို့ အမြန်ဆုံး ပြန်လည်အပ်နှင်းမည်ဟု အဆိုပါခရိုင်သို့ လွန်ခဲ့သည့်သောကြာနေ့က ရောက်လာသော ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က ကတိပြုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အမြွှာမျှော်စင်

ကူဝိတ်ရေနံကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူမည့် မလေးရှား ပက်ထရိုးနက်စ် ရေနံကုမ္ပဏီ၏ အမြွှာမျှော်စင်အဆောက်အအုံကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဆေးခြောက် ကီလို ၃၃၀ အယ်လ်ဘေးနီးယားရဲ ဖမ်းမိ

တီရာနာ ဇန်နဝါရီ ၁၀

အယ်လ်ဘေးနီးယားနိုင်ငံ အနောက်တောင်ဘက် ပင်လယ်ဆိပ်ကမ်းမြို့ ဗလော်ရာတွင် ဆေးခြောက် ကီလို၃၃၀ ကို အယ်လ်ဘေးနီးယား ရဲတပ်ဖွဲ့ဝင်များက တနင်္ဂနွေနေ့တွင် သိမ်းဆည်းရမိကြောင်း အေတီအေသတင်းဌာနက ကြေညာသည်။

ဖမ်းဆီး

အီတလီသို့သွားမည့် ကားတစ်စီးပေါ်မှ တွေ့ရှိသိမ်းဆည်းရမိလိုက်ခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းနှင့် ကားပိုင်ရှင်နှစ်ဦးဖြစ်သော အယ်လ်ဘေးနီးယားတစ်ဦးနှင့် အီတလီနိုင်ငံသား တစ်ဦးတို့ကိုလည်း ဖမ်းဆီးလိုက်ကြောင်း ဗလော်ရာမြို့ ရဲမှူးကြီး ဂျိုးဇက်က ပြောဆိုသည်။

ထုတ်ဖော်ပြောဆို

ဖမ်းဆီးခံရသူ သုံးဦးမှာ အီတလီနှင့် အယ်လ်ဘေးနီးယား မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းဝင်များဖြစ်မည်ဟု သင်္ကာမကင်းရှိပြီးငင်းတို့၏ အမည်များကို ရဲက လောလောဆယ် ထုတ်ဖော်ပြောဆိုခြင်း မပြုဟု အေတီအေသတင်းဌာနက ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် ရေငုပ်သင်္ဘော ဂူအမ်ကျွန်းကမ်းလွန်၌ သောင်တင် သင်္ဘောသားတစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရ

ဝါရှင်တန် ဇန်နဝါရီ ၁၀

ပစိဖိတ်သမုဒ္ဒရာအတွင်း ဂူအမ်ကျွန်းကမ်းလွန်တွင် အမေရိကန် နျူကလီးယား ရေငုပ်သင်္ဘော ယူအက်စ်အက်စ် ဆန်ဖရန်စစ္စကို စနေနေ့က သောင်တင်သွားစဉ် ရရှိသောဒဏ်ရာဖြင့် သင်္ဘောသားတစ်ဦး တနင်္ဂနွေနေ့က သေဆုံးသွားကြောင်း အမေရိကန်ရေတပ်က ကြေညာသည်။

ဆေးဝန်ထမ်းများသည် အခြားဒဏ်ရာရ သင်္ဘောသား ၂၃ ဦးကို ကုသရန် အဆိုပါ ရေငုပ်သင်္ဘောရှိရာသို့ အရေးတကြီး သွားရောက်ကြကြောင်း၊သင်္ဘောသားအချို့မှာအရိုးများကျိုးအက်ကုန်၍ ဒဏ်ရာပြင်းထန်ကြောင်း၊ အချို့မှာ ပွန်းပဲ့ပဟက်တက်ကွဲကုန်ကြကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ရေငုပ်သင်္ဘောပေါ်ရှိ နျူကလီးယား ဓာတ်ပေါင်းဖိုနှင့်တကွ သင်္ဘော၏ လက်နက်စနစ်များမှာ ထိခိုက်ပျက်စီးခြင်းမရှိဟုလည်း ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။သင်္ဘောကိုယ်ထည်မှာ မပျက်မစီး ပကတိအတိုင်း ရှိနေသော်လည်း အတွင်းပိုင်းထိခိုက်ပျက်စီးမှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးလျက်ရှိသည်ဆို၏။ ***အမ်အင်အေ၊ရိုက်တာ။***

ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ဘက် သဘာဝဓာတ်ငွေ့ ရေနံမြေတွင် မီးလောင်မှုဖြစ်ပွား

ဒါကာ ဇန်နဝါရီ ၁၀

ဘင်္ဂလားဒေ့ရှ် အရှေ့မြောက်ဘက်ရှိ သဘာဝဓာတ်ငွေ့ ရေနံမြေတွင် မီးလောင်မှုဖြစ်ပွားကြောင်း၊ မီးလောင်မှုကြောင့် အခြားအဆောက်အအုံများကိုပါ ကူးစက်ပျံ့နှံ့သွားမည်ကို စိုးရိမ်နေရကြောင်း သိရသည်။

ဆူနမ်ဂန်ဒေသ အရှေ့မြောက်ဘက် တန်ဂရာတီလာ သဘာဝဓာတ်ငွေ့ ရေနံမြေတွင် ဇန်နဝါရီ ၇ ရက်ညက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်သတင်း အေဂျင်စီက ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

သဘာဝဓာတ်ငွေ့တွင်း၏ မီတာ ၅၀၀ အနက်မှ ဓာတ်ငွေ့များ ဖိအားလွန်ကဲပြီး ယိုစိမ့်နေသော ဓာတ်ငွေ့များကို ထိန်းချုပ်ရန် ကြိုးစားစဉ် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးတောက်များသည် ထိုဒေသရှိ အဆောက်အအုံများကို လျင်မြန်စွာ လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် ထိခိုက်သေဆုံးမှု မရှိကြောင်း၊ သို့သော် ထိုသဘာဝဓာတ်ငွေ့ ရေနံမြေတွင် ရေနံသိုလှောင်ကန် နှစ်ကန်ရှိရာ ထိုကန်များ မီးလောင်ကျွမ်းသွားနိုင်ဖွယ်ရှိကြောင်း ဆန်နမ်ဂန် ဒေသခံ အရာရှိ ကာလဒ်ဟက်စ်ဆန်က ပြောကြားသည်။

မီးတောက်များသည် အမြင့်ပေ ၅၀၀အထိ ထိုးတက်ခဲ့ကြောင်း၊ ထိုမီးလောင်မှု ဖြစ်ပွားရာ နေရာ၏ ၅ စတုရန်းကီလိုမီတာ အကျယ်အဝန်းရှိနေရာတွင် လုံခြုံရေးအတွက်ရဲများနှင့် ဘင်္ဂလားဒေ့ရှ်ရိုင်ဖယ်တပ်ဖွဲ့များမှ တားမြစ်နယ်မြေ ပြုလုပ်ထားကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မီးလောင်ကျွမ်းရာဒေသ ပတ်ဝန်းကျင်တွင် လျှပ်စစ်မီးပေးဝေမှုကိုလည်း ဖြတ်တောက်ခဲ့သည်။ထိုသို့ လုပ်ဆောင်ရခြင်းသည် အခြားဘေးဒုက္ခထပ်မံ၍ မကျရောက်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

မီးလောင်မှု အခြေအနေကိုလည်း ဝေဟင်မှ ရဟတ်ယာဉ်ဖြင့် တိုင်းတာလေ့လာခဲ့သည်။ထိုမီးလောင်ရာနေရာ၏ အနီးဝန်းကျင်မှရွာသားများသည် ထိတ်လန့်စွာဖြင့် မိမိတို့၏ လုံခြုံရေးအတွက် နေအိမ်များကို စွန့်ခွာခဲ့ကြသည်။

– လျော့နည်းသက်သာ –

မီးလောင်မှုတွင် မီးသည် မြေပြင်ညီအတိုင်းသွားရမည့်အစား အပေါ်သို့သာ တိုး၍ လောင်ကျွမ်းသောကြောင့် မီးကူးစက်မှု လျော့နည်းသက်သာခဲ့ရကြောင်း စွမ်းအင်နှင့် သတ္တုဝန်ကြီး အေကေအမ်မိုရှာရက်မ်ဟိုစိမ့်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းများက ဖော်ပြသည်။

တန်ဂရာတီလာ သဘာဝဓာတ်ငွေ့ ရေနံမြေတွင် သဘာဝဓာတ်ငွေ့ ကုဗပေ ၃၀၀ အနည်းဆုံး ခိုအောင်းနေကြောင်း သိရှိရပြီး ထိုမီးလောင်ကျွမ်းမှုကြောင့် အချိန် တစ်နာရီ တိုင်း ဒေါ်လာသန်းပေါင်းများစွာ ဆုံးရှုံးလျက်ရှိသည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ လာသောသတင်းများအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားခရီးသည်တင် လေယာဉ်တစ်စင်း လမ်းကြောင်းပြောင်းပြီး အိုက်စလန်တွင် ဆင်းခဲ့ရ

မော်စကို ဇန်နဝါရီ ၁၀

ရုရှားခရီးသည်တင် လေယာဉ်တစ်စင်းပေါ်တွင် ဇန်နဝါရီ ၈ ရက်နေ့က အရက်မူးနေသော ခရီးသည်တစ်ဦးက လေယာဉ်အဖွဲ့သားများနှင့် အခြားခရီးသည်များကို ရန်ပြုနှောင့်ယှက်သည့် ကိစ္စတစ်ရပ် ပေါ်ပေါက်ခဲ့ရာ လေယာဉ်ကို ပုံမှန်ခရီးစဉ်အတိုင်း မပျံသန်းဘဲ လမ်းကြောင်း ပြောင်းခဲ့ရကြောင်း အဲရိုးဖလုတ်လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ပြောကြား

ရဲတပ်ဖွဲ့ဝင်များက ရန်သတ္တရပြုသူကို လေယာဉ်ပေါ်မှ ဆွဲချခဲ့ရကြောင်း၊အဆိုပါလေယာဉ်မှာ ကနေဒါနိုင်ငံ တိုရန်တိုမှ မော်စကိုသို့ ပျံသန်းနေစဉ် ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အီရီနာ ဒါနင်ဘာဂ်က အီကိုမာစ်ကဗူး ရေဒီယိုသို့ ပြောကြားခဲ့သည်။

လမ်းကြောင်းပြောင်း

မူးယစ်ရမ်းကားပြီး လေယာဉ်အဖွဲ့သားများနှင့် ခရီးသည်များကို စော်ကားနေသည့်အတွက်ကြောင့် လေယာဉ်မှူးက လေယာဉ်ကို လမ်းကြောင်းပြောင်းကာ အိုက်စလန်တွင် ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း ဒါနင်ဘာဂ်က ပြောကြားသည်။

ထုတ်လွှင့်

ခရီးသည်တစ်ဦး၏ ပြောကြားချက်အရ အမူးသမားက လေယာဉ်မှူးကို လက်သီးဖြင့် ထိုးကြိတ်သည်ဟု သိရကြောင်း အီကိုမာစ်ကဗူး ရေဒီယိုက ထုတ်လွှင့်ခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ပါလက်စတိုင်း သမ္မတအဖြစ် မာမွတ်အဘတ်စ် အရွေးခံရ

ရာမာလာ(အနောက်ဘက်ကမ်းခြေဒေသ) ဇန်နဝါရီ ၁၁

ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ် ကွယ်လွန်သွားပြီးနောက် ၎င်း၏နေရာကိုဆက်ခံရန်အတွက် ရွေးကောက်ပွဲတစ်ရပ်ကို မကြာမီရက်ပိုင်းအတွင်းက ပါလက်စတိုင်းဒေသတွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုရွေးကောက်ပွဲ၏ရလဒ်ကို ထုတ်ပြန်ကြေညာခဲ့ရာ မာမွတ်အဘတ်စ် သမ္မတအဖြစ်ဆက်ခံရန် ရွေးချယ်ခံရကြောင်း သိရသည်။

အနိုင်ရရှိ

ပါလက်စတိုင်း သမ္မတရွေးချယ်နိုင်ရေးအတွက် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ရာတွင် ပါဝင်ယှဉ်ပြိုင်သူများအနက် ထင်ရှားသော ခေါင်းဆောင်တစ်ဦးဖြစ်သူ မာမွတ်အဘတ်စ် အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲတာဝန်ရှိသူများက ဇန်နဝါရီလ ၁၀ရက် (တနင်္လာနေ့)တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယှဉ်ပြိုင်

အသက် (၆၀)ကျော်အရွယ်ရှိ မာမွတ်အဘတ်စ်သည် ပါလက်စတိုင်းပြည်သူ ၆၂ဒသမ၃ ရာခိုင်နှုန်း၏မဲများကို ရရှိကာ ပြတ်ပြတ်သားသား အနိုင်ရရှိသွားခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲကျင်းပရေး ကော်မတီက ထုတ်ပြန်ခဲ့သည်။ အဆိုပါ ရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလိက ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးနှင့် အခြားယှဉ်ပြိုင်သူ ငါးဦးတို့ပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အမိနိုင်ငံတော်အတွက် သားကောင်းသမီးမွန်များ ပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

ကျော်မင်းခေါင်

သွေးချင်း မောင်နှမများ

ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်မှ သင်တန်းသူ၊ သင်တန်းသား သွေးချင်း မောင်နှမများ။

အမိမြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်ဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တစ်နံတစ်လျား တောင်ပေါ်မြေပြန့် ဒေသအနှံ့၌ တိုင်းရင်းသားမျိုးနွယ်စုအသီးသီးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူတကွ စုစည်းနေထိုင်လျက်ရှိကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းတို့နေထိုင်ရာ အချို့သောနေရာဒေသများသည် အလွန်ပင် ဝေးလံသီခေါင်သော နယ်စွန်နယ်ဖျား တောင်ပေါ်ဒေသများ ဖြစ်ကြသည်။ ထိုသို့သော နယ်စွန်နယ်ဖျားဒေသများမှ ဒေသခံတိုင်းရင်းသားတို့၏ လူမှုဘဝတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ထက်မြက်ဖျတ်လတ်သော ဒေသခံသွေးချင်းမောင်မယ်များ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းက ပိုမိုလေးနက်ထိရောက်မှုရှိပေမည်။ ထို့ပြင် ဆရာ၊ ဆရာမ ရှားပါးသော ထိုဒေသများမှ သွေးချင်းရင်သွေးငယ်များ၏ ပညာရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင်လည်း ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဓိကကျသော လူသားအရင်းအမြစ် စွမ်းရည်များ ဖော်ထုတ်မှုတွင် ပိုမိုထိရောက်အောင်မြင်မည်ဖြစ်သည်။

ထို့ကြောင့် ဝေးလံသီခေါင် တောင်ပေါ်ကျေးလက်ဒေသများ၊ နယ်စွန်နယ်ဖျားဒေသများမှ ဒေသခံများ၏ လူမှုဘဝ တိုးတက်အောင် ဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ် စွမ်းရည်များ ဖော်ထုတ်ရာတွင် ထိရောက်သော စွမ်းဆောင်မှုများပေးနိုင်စေရန်တို့အတွက် အမာခံ သားကောင်း သမီးမွန်များ မွေးထုတ်ပေးရန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့ ဧမြဝတီရပ်၌ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ၁၉၆၈ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးသို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၉၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ဥပဒေအမှတ်(၉/၉၁)ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကို ပြဋ္ဌာန်းပြီး သိပ္ပံအဆင့်မှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှစ၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည်။

တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်လိုက်ခြင်းကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းများအနေဖြင့် ဒေသခံတိုင်းရင်းသားတို့၏ အကျိုးအတွက် ပိုမိုအရည်အချင်းပြည့်ဝစွာဖြင့် ထမ်းဆောင်နိုင်လာပြီး မိမိတို့၏ ဘဝရှေ့ရေးတိုးတက်မှု အခွင့်အလမ်းကိုလည်း ပိုမိုရရှိခဲ့သည်။ ဖွံ့ဖြိုးရေး တက္ကသိုလ်ဆင်းတစ်ဦးကို တက္ကသိုလ်ဝင်တန်း ၁၀ တန်းအောင်အဖြစ် သတ်မှတ်ချီးမြှင့်ပြီး မူလတန်းဆရာ၊ ဆရာမများအဖြစ် ခန့်အပ်လွှာကိုပါ တစ်ပါတည်းအပ်နှင်းသည်။ ဆရာ၊ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ရင်း အဝေးသင်ဖြင့် ဘွဲ့တစ်ခုခုရယူနိုင်သည်။ ဘွဲ့ရပြီးပါက ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် B.Ed သင်တန်းတက်ပြီး ပညာရေးဘွဲ့ကို ထပ်မံဆွတ်ခူးနိုင်သည်။ ယင်းနောက် မိမိ၏ကြိုးစားအားထုတ်မှု အပေါ်မူတည်၍ မဟာပညာရေးဘွဲ့ (M.Ed)နှင့် မဟာဒဿနပညာရေးဘွဲ့ (M.Phil. Education) များကိုလည်း ဖွံ့ဖြိုးရေးတက္ကသိုလ်၌ပင် တက်ရောက်သင်ကြားဆွတ်ခူးနိုင်သည်။ နှစ်စဉ်ပုံမှန်သင်တန်းများမှထူးချွန်သူများကိုလည်း ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တို့သို့ ပေါင်းကူးပညာသင်ကြားနိုင်ရန် နိုင်ငံတော်က စီစဉ်ပေးထားသည်။ ဤသို့ဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတစ်ဦး၏ အနာဂတ်ဘဝ တိုးတက်ပွင့်လင်းလာသည်သာမက ဒေသခံသွေးချင်းတို့၏ အကျိုးအတွက်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိလာသည်။ ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအတွက်လည်း အားထားရသော အမာခံအမြုတေများ ဖြစ်လာခဲ့ပေသည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်၏ မူလတန်းဆရာအတတ်သင်ပုံမှန် သုံးနှစ် သင်တန်းများကို ၂၀၀၀-၂၀၀၁ပညာသင်နှစ်ပုံမှန်သင်တန်းအမှတ်စဉ်(၃၆)မှ စ၍ B.Ed လေးနှစ်သင်တန်းအဖြစ်သို့ ပြောင်းလဲခဲ့သည်။ သင်တန်းပြီးဆုံးသည်နှင့် B.Ed ဘွဲ့ကို တိုက်ရိုက်အပ်နှင်းပြီး ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ပေးအပ်မည်ဖြစ်သည်။ သင်တန်းဝင်ခွင့်ပညာအရည်အချင်းကိုလည်း အခြေခံပညာအထက်တန်း (တက္ကသိုလ်ဝင်တန်း)အောင် ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များဖြစ်ရမည်ဟု သတ်မှတ်ခဲ့သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း မောင်မယ်များသည် ပညာရေးဝန်ထမ်းများအဖြစ်သာမက ဒေသဖွံ့ဖြိုးရေးအတွက်လည်း ခေါင်းဆောင်ငယ်များအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်အောင် သင်တန်းကာလအတွင်း နိုင်ငံတော်က စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ သင်တန်းဆင်းမောင်မယ်များသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကြက်ခြေနီ သူနာပြု၊ မီးသတ်ပညာမှအစ စနစ်တကျ နားလည်တတ်ကျွမ်းသူများ ဖြစ်ကြပြီး အရေးကြုံပါက မိမိရပ်ရွာ၊ မိမိဒေသကာကွယ်ရေး၌ တစ်တပ်တစ်အား ပါဝင်နိုင်စေရန်အတွက်လည်း အခြေခံစစ်ပညာနှင့် မြန်မာ့ရိုးရာသိုင်းပညာကိုပါ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားကြရသည်။

ထူးခြားချက်တစ်ခုမှာ ဖွံ့ဖြိုးရေးတက္ကသိုလ်သင်တန်းသူ၊ သင်တန်းသား သွေးချင်းမောင်မယ်တို့သည် တစ်ဦးနှင့်တစ်ဦးဂုဏ်တုဂုဏ်ပြိုင်မှု၊ မလိုလားအပ်သော ပြိုင်ဆိုင်ပလွှားမှုတို့ လုံးဝကင်းစင်ခြင်းပင်ဖြစ်သည်။ သူတို့၏နှလုံးအိမ်ထဲတွင်တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းမောင်နှမများဟူသည့် အသိတရားကသာလျှင် အစဉ်ဖုံးလွှမ်းလျက်ရှိသည်။ တစ်ဦး နေထိုင်မကောင်းဖြစ်လျှင် တစ်ဦးက ကိုယ်ဖိရင်ဖိပြုစုသည်။ တစ်ဦး၏အခက်အခဲကို တစ်ဦးက ဖေးမကူညီသည်။ ကြီးသူကငယ် သူကိုညှာတာသည်။ ငယ်သူကလည်း ကြီးသူကိုအစ်ကိုကြီး၊ အစ်မကြီးများသဖွယ် လေးစားဂါရဝထားသည်။ သူတို့အချင်းချင်း ဆက်ဆံပုံများသည် တကယ့် ညီရင်းအစ်ကို မောင်ရင်းနှမများသဖွယ်ဖြစ်သည်။ ဖြူစင်သန့်ရှင်းသော နှလုံးသားပုံရိပ်များသည် သူတို့၏ မျက်နှာပြင်ပေါ်၌ အထင်းသားပေါ်လွင်လျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အကြောင်းကို တသီတတန်းကြီးစဉ်းစားတွေးတောရင်း မန္တလေး-ရွာသစ်ကြီး အမြန်ယာဉ်ကိုစီးနင်းလိုက်ပါလာစဉ် စစ်ကိုင်းတံတားပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတစ်ချက်ကြောင့် စာရေးသူ၏ မျက်နှာပြင်တွင် အေးခနဲဖြစ်သွားပြီး အတွေးအမျှင်တန်း ပြတ်တောက်သွားခဲ့ရသည်။ ညာဘက်ကမ်းဆီလှမ်းမျှော်ကြည့်လိုက်သောအခါ လွမ်းမောဖွယ်ရာ စစ်ကိုင်းတောင်ရိုးပေါ်၌ တင့်တယ်သပ္ပာယ်စွာတည်ရှိနေသော စေတီပုထိုးအဆူဆူကို ကြည်ညိုဖွယ်ဖူးမြင်လိုက်ရသည်။ မကြာမီ အမြန်ယာဉ်သည် စစ်ကိုင်းမြို့ကို ဖြတ်သန်းပြီး ရွာသစ်ကြီးဘက်ဆီသို့ ဦးတည်မောင်းနှင်လာခဲ့သည်။

စာရေးသူသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်းအမှတ်စဉ် (၃၆) ၌ တက်ရောက်ပညာသင်ကြားလျက်ရှိသော စာရေးသူ၏ တူမလေး အိယန်းပါရ်ကို တွေ့ဆုံရန်အတွက် မန္တလေး-ရွာသစ်ကြီး အမြန်ယာဉ်ကိုစီးပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်ဆီသို့လိုက်ပါလာခြင်းဖြစ်ပါသည်။ တူမလေး အိယန်းပါရ်မှာ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ဝေးလံသီခေါင်သော တောင်ပေါ်ကျေးလက်တောရွာလေးမှနေ၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်းအမှတ်စဉ်(၃၆)၌ တက်ရောက် သင်ကြားနေသူဖြစ်ပါသည်။ တူမလေးတို့ရွာမှာ ချင်းပြည်နယ်၏ မြို့ကြီးများဖြစ်သည့် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ မတူပီစသည့်မြို့များနှင့် လွန်စွာအလှမ်းဝေးပြီး သွားရေးလာရေးခက်ခဲသည်။ ရွာသူ ရွာသားများမှာလည်း မိရိုးဖလာ တောင်ယာလုပ်ငန်းကို လုပ်ကိုင်ပြီး ရိုးသားစွာ အသက်မွေးကြသူများဖြစ်သည်။ ရွာတွင် မူလတန်းကျောင်းလေးရှိသော်လည်း ဆရာ၊ ဆရာမရှားပါးသည်။ ဤသို့သော ရွာလေးမှ တူမလေးတစ်ယောက် ဖွံ့ဖြိုးရေးတက္ကသိုလ် တက်ခွင့်ရသည့်အတွက် တစ်ရွာလုံးဝမ်းသာလျက်ရှိကြသည်။ တူမလေးအိယန်းပါရ် သင်တန်းဆင်းလာလျှင် ရွာကျောင်း၌ အမှန်တကယ် လစ်ဟာနေသော ဆရာမကွက်လပ်ကို ဖြည့်ပေးနိုင်တော့မည် မဟုတ်ပါလား။ သို့အတွက် တူမလေးအိယန်းပါရ် သင်တန်းဆင်းပြီး ရွာပြန်လာမည့်နေ့ကို အားလုံးက မျှော်လင့်နေကြသည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒေါင်ဒေါင်မြည် လေ့ကျင့်သင်ကြားပေးလိုက်သော ဖွံ့ဖြိုးရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့်အတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တူမလေးက ဦးဆောင်ဦးရွက်ပြုနိုင်ပေတော့မည်။ သို့အတွက် တူမလေး အိယန်းပါရ်ကို တစ်ရွာလုံးက အားထားမျှော်လင့်လျက်ရှိနေကြသည်။

တူမလေးတို့၏ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်း အမှတ်စဉ်(၃၆) B.Ed လေးနှစ်သင်တန်းသည် လေးနှစ်သင်တန်းကာလပြီးဆုံးတော့မည်ဖြစ်၍ မကြာမီကာလအတွင်း လေ့လာရေးခရီးစဉ်သွားရောက်ကာ နိုင်ငံတော် အကြီးအကဲအား တွေ့ဆုံဂါရဝပြုပြီး ဩဝါဒလမ်းညွှန်မှုများ ခံယူကြရပေတော့မည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်သင်တန်းမဆင်းမီ နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုခွင့်ရရှိပြီး နိုင်ငံတော်အကြီးအကဲ၏ ဩဝါဒအမှာစကားများကို မှတ်သား နာယူခွင့် ရရှိကြသည်မှာ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသူ၊ သင်တန်းသားများအဖို့ လွန်စွာမွန်မြတ်ထူးကဲသော အခွင့်အရေးကြီးတစ်ခုပင်ဖြစ်သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဖွံ့ဖြိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ်သင်တန်းသူ၊ သင်တန်းသားများအား ဘဝတစ်သက်တာ လိုက်နာခံယူကျင့်သုံးသွားကြရမည့် ဘဝလမ်းညွှန်၊ လုပ်ငန်းလမ်းညွှန်များကို နောက်ဆုံးနှစ်သင်တန်းမဆင်းမီ အလေးအနက် မှာကြားလမ်းညွှန်မှု ပြုမြဲဖြစ်သည်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ သိပ္ပံအဆင့်မှ အစပြု၍ ယခုဆိုလျှင် နှစ်ပေါင်း ၄၀ တိုင်ခဲ့ပြီ ဖြစ်ပါသည်။ နှစ်ပေါင်း ၄၀ သက်တမ်းကာလအတွင်း ဖွံ့ဖြိုးရေးတက္ကသိုလ်မှ လေ့ကျင့်မွေးထုတ် ပေးလိုက်သည့် သားကောင်းသမီးမွန်များစွာတို့သည် အမိနိုင်ငံတော် တစ်နံတစ်လျား တောင်ပေါ်မြေပြန့်ဒေသအနှံ့၌ နိုင်ငံတော်၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

အချို့သော နိုင်ငံများတွင် ၎င်းတို့နိုင်ငံရှိ တိုင်းရင်းသားလူမျိုးများနှင့် ပတ်သက်၍တည်ထောင်ဖွင့်လှစ်ထားသည့်အလားတူကျောင်းများမှာအထက်တန်းအဆင့်၊ သိပ္ပံအဆင့်မျှသာရှိသော်လည်း မိမိတို့နိုင်ငံတွင်မူ နိုင်ငံတော် အကြီးအကဲ၏ပြည်ထောင်စုကြီးအပေါ်ထားရှိသော မွန်မြတ်မြင့်မားသည့်အမြော်အမြင်နှင့် စေတနာတို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးဟူ၍ အဆင့်မီတက္ကသိုလ်ကြီးတစ်ခုအဖြစ် ဝင့်ထည်စွာ ပေါ်ထွန်းနေခဲ့ပြီဖြစ်သည်။

ယာဉ်နောက်လိုက်၏ **"ဖွံ့ဖြိုးရေးတက္ကသိုလ်ပါတယ်"** ဟူသော အော်သံကြောင့် စာရေးသူ၏ အတွေးများရပ်တန့်သွားခဲ့ပြန်သည်။ အမြန်ယာဉ်သည် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် မနီးမဝေးကားလမ်းပေါ်၌ ရပ်တန့်လိုက်သည်။ ကားပေါ်မှဆင်းပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ အဝင်လမ်းအတိုင်း အတန်ငယ်လျှောက်လှမ်းလိုက်သောအခါ ကြီးမားကျယ်ပြန့်သော ဖွံ့ဖြိုးရေးတက္ကသိုလ်ပရဝုဏ်အတွင်းသို့ ရောက်ရှိခဲ့တော့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ပရဝုဏ်သည် ဧရာဝတီမြစ်ကို မေးတင်လျက်ရှိပြီး ကုက္ကို၊ တမာ၊ ဇာဒံ၊ အသောက စသည့်အရိပ်ရအပင်တန်းများ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် လွန်စွာပနံတင့်လှသည်။ စာရေးသူ ရောက်ရှိသွားချိန်သည် သင်တန်းသူ၊ သင်တန်းသားများ ညနေကျောင်းဆင်း ချိန်နှင့် ကြုံကြိုက်နေသည်။ စကြံ့များတစ်လျှောက် မိန်းကလေးသတ်သတ်၊ ယောကျ်ားလေးသတ်သတ် နှစ်ယောက်တစ်တွဲစီဖြင့် အဆောင်များဆီသို့ ညီညာစွာလျှောက်လှမ်းသွားကြသည်ကို မြင်တွေ့လိုက်ရသည်မှာ စည်းစနစ်ကျခြင်း၏ပြယုဂ်တစ်ခုပင်ဖြစ်သည်။ စာရေးသူသည် စင်္ကြံလျှောက်လမ်းအနီးတွင် မတ်တပ်ရပ်၍ သင်တန်းသူ၊ သင်တန်းသားများကို တစေ့တစောင်းအကဲခတ်မိသည်။ သူတို့၏ မျက်လုံးများသည် ကြည်လင်သန့်စင်နေသည်။ သူတို့၏ အတွင်းအဇ္ဈတ္တကို သူတို့၏မျက်လုံးများက လှစ်ပြနေသည်။ သူတို့၏ နှလုံးအိမ်တွင် ရင့်ကျက်ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်မှတစ်ပါး... အခြားမရှိ။

စာရေးသူသည် တူမလေးအိယန်းပါရ်ကို တူမလေးနေထိုင်ရာ မလိခဆောင်၏ ဧည့်ခန်း၌ တွေ့ဆုံရသည်။ တူမလေး၏ အသွင်သဏ္ဌာန်မှာ အားမာန်များအပြည့်ဖြင့် ရွှင်လန်းတက်ကြွနေသည်။ မကြာမီကာလအတွင်း တူမလေးနှင့်တကွ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၃၆)မှ နောက်ဆုံးနှစ်သင်တန်းသူ၊ သင်တန်းသားများသည် နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုကာ ဩဝါဒ လမ်းညွှန်မှုများ ခံယူကြပြီးနောက် ပြည်ထောင်စုတစ်ဝန်းမှ ဒေသအနှံ့သို့ ပညာရေးဝန်ထမ်းများ၊ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ကြပေတော့မည်။ အမိနိုင်ငံတော်အတွက် စည်းလုံးညီညွတ်ခြင်း၏ အင်အားသစ်များ တိုးပွားလာတော့မည်ဖြစ်သည်။

စာရေးသူသည် တူမလေးအိယန်းပါရ်ကို နှုတ်ဆက်ပြီး မလိခဆောင်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ထိုစဉ် ...ဖွံ့ဖြိုးရေးတက္ကသိုလ်ဝင်းအတွင်းဖွင့်လှစ်ထားသော စားသောက်ဆိုင်ဘက်မှ အဆိုတော်ကိုင်ဇာ၏ **"ဥမကွဲ သိုက်မပျက်"** သီချင်းသံက လွင့်ပျံ့လာသည်။

> **"ဒီမြေ... ဒီရေ... ဒီတောင်တန်းတွေ...**
> **သဘာဝတရားရဲ့ ချစ်စရာ့အမွေ၊ မြတ်နိုးနိုင်ကြစေ...**
> **သည်မြေပေါ်မှာနေ၊ ညီအစ်ကိုမောင်နှမတွေ...**
> **ဥမကွဲ သိုက်မပျက်နဲ့လေ၊**
> **ချစ်စရာဒီမြေ...ဒို့ပိုင်တဲ့မြေ၊ ချစ်စရာဒီမြေ...ဒို့ပိုင်တဲ့မြေ"**

ပြည်ထောင်စုတိုင်းရင်းသား သွေးချင်းတို့၏ ရင်သွေးနှစ်များ ပေါင်းဆုံပညာသင်ကြားရာ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည်ကား အမိပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် အားထားရသည့် သားကောင်းသမီးမွန် များစွာကို အစဉ်ပျိုးထောင် မွေးထုတ်ပေးလျက် ရှိနေမည်ဖြစ်ပါကြောင်း ရေးသားဂုဏ်ပြုလိုက်ရပါသည်။ ။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ တော်လှန်ရေးပန်းခြံရှိ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီရုံး၌ ကျင်းပရာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဝင် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်ကကျင်းပပြီးဖြစ်ကြောင်း၊ ယင်းညှိနှိုင်းအစည်းအဝေးကချမှတ်သော ဆုံးဖြတ်ချက်များအနက် မိမိတို့ စီမံခန့်ခွဲရေးကော်မတီနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပရာ၌ အနှစ်သာရရှိစွာဖြင့် စစ်ရေးပြအဆင့်အတန်းမြင့်မားအောင် စီမံခန့်ခွဲရေး ကော်မတီဝင်များက ကြိုးပမ်းဆောင်ရွက် ကြစေလိုကြောင်း။

တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် ပါဝင်ကြမည့် စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ အုပ်ချုပ်မှုကိစ္စအပါအဝင် သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး ကိစ္စများကိုလည်း ယခုကတည်းက ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ထားကြရန် တိုက်တွန်းလိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးကော်မတီ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ပြီးစီးမှုများကို စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဦးစီးအရာရှိ(ပထမတန်း) စစ်ရေးဒုတိယ ဗိုလ်မှူးကြီးမျိုးနိုင်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့၊ ကွင်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့၊ သယ်ယူပို့ဆောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့၊ ဖိတ်ကြားရေးလုပ်ငန်းအဖွဲ့၊ ဆေးအကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဧည့်သည်တော်များ ကြိုဆိုဧည့်ခံရေးလုပ်ငန်းအဖွဲ့၊ လုံခြုံရေးလုပ်ငန်းအဖွဲ့နှင့် စခန်းအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူတို့က စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ ပါဝင်ချီတက်မည့် အစီအစဉ်များနှင့် စစ်ရေးပြ လေ့ကျင့်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မြန်မာ့ ရေနံနှင့် ဓာတုဗေဒလုပ်ငန်းတို့မှ တာဝန်ရှိသူများက မိမိတို့ဌာန အလိုက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများကအထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ကော်မတီဝင်များလိုက်ပါလျက် ကွင်းပြင်ဆင်ရေးလုပ်ငန်းအဖွဲ့က တော်လှန်ရေး ပန်းခြံအတွင်း ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

မဟာဒုက်ဆွမ်းကပ်လှူပွဲ အကြိုတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၁

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် မာလာလမ်း၊ ဗဟိုလမ်း၊ ရှုပါရုံလမ်းနှင့် ဓမ္မာရုံလမ်း မိသားစုများ စုပေါင်းကျင်းပသော ဒသမအကြိမ်မြောက် သံဃဒါန မဟာဒုက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲအကြို တရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၇ရက်နှင့် ၁၉ရက်တွင် အောင်လံမြို့ တိုက်ခွဲ(၃၂) သဲအင်းဂူ ဝိပဿနာ ဓမ္မရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်စန္ဒိမာ၊ ဇန်နဝါရီ ၁၈ရက်တွင် ဓမ္မာစရိယ လက်ထောက် ကမ္မဋ္ဌာနာစရိယ အရှင်မေတ္တာနန္ဒ အရှင်မြတ်တို့က ညစဉ် တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်အသင်းအစည်းအဝေးကို ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီခွဲတွင် ဗဟန်းကြားတောရလမ်း ဧရာဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ သက်ကြီးပူဇော်ရန်နှင့် ပညာရည်ချွန်ဆုများအတွက် လှူဒါန်းလိုကြသူများ အသင်းတိုက်ရှိရာ အမှတ် ၂၇၅ (ပထပ်) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၀၁၀၆ သို့ ဆက်သွယ်နိုင်သည်။ (က-ပ)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားမည့် အခြေအနေ၊ သတင်းထုတ်ပြန်ရေးနှင့် နေ့စဉ်သတင်းလွှာထုတ်ဝေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၄ခုနှစ် မေ ၁၇ရက်မှ ဇူလိုင် ၉ရက်အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်များ တက်ရောက်မှုအခြေအနေ၊ ယခု ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်တွင် ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံအတွက် ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားမည့် အခြေအနေ၊ ဖျော်ဖြေရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သတင်းထုတ်ပြန်ရေးနှင့် နေ့စဉ်သတင်းလွှာထုတ်ဝေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က ၎င်းတို့၏ကော်မတီများအလိုက် အမျိုးသားညီလာခံပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုလည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးခြင်းများကိုလည်းကောင်း ပြုလုပ်ကြသည်။

ပြုပြင်ဆောင်ရွက်

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ယခင်ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး လိုအပ်ချက်၊ ချို့ယွင်းအားနည်းချက်မရှိအောင် ပြည့်စုံအောင် ပြုပြင်ဆောင်ရွက်ကြစေလိုကြောင်း၊ ငွေကြေးသုံးစွဲမှုတွင်လည်း ခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင် ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ ၂၀၀၄ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးသောင်ဇင်နှင့် ပြည်နယ်နှင့်တိုင်းများမှ မီးသတ်ဦးစီးဌာနမှူးများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ခလောက်တရာ၊ တော်ကူးအနောက် ကျေးရွာများမှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ရက်က တော်ကူးအနောက် အထက်တန်းကျောင်းတွင် ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး၊ညွှန်ကြားရေးမှူး ဦးတင်အောင် တစ်ဦးချင်းပေးအပ်စဉ်။ (၅၂၉)

တိုင်းရင်းသားအဖွဲ့များအနေဖြင့် နိုင်ငံတော်အစိုးရ မူဝါဒလမ်းစဉ်ကို ယုံကြည်ပြီးဝင်ရောက်လာခြင်းဖြစ် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြည့်မြောက်သည်အထိ နိုင်ငံတော်အစိုးရနှင့်အတူလက်တွဲကြိုးပမ်း နောင်သားစဉ်မြေးဆက် ရေရှည်အကျိုးခံစားရရှိနိုင်သည့် ရော်ဘာကိုဖြစ်ထွန်းအောင်မြင်အောင်စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ကရင်ပြည်နယ် ဘားအံမြို့သို့ နံနက် ၁၀နာရီခွဲတွင် ရောက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးခင်မောင်သိန်း၊ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်သို့ သွားရောက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် ဩဝါဒစရိယ သက်တော်ရှည် မဲဘောင်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုဏ္ဍလိယနှင့် ကရင်ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လုမ္ဗိနီဥယျာဉ်ကျောင်းတိုက် ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကဝိဓဇတို့အား ဖူးမြော်ကြည်ညိုကြပြီး အတွင်းရေးမှူး(၁)က

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်၌ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တ သုဇနအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်

ရင်းသား အဖွဲ့အစည်းများအနေဖြင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ပြည့်မြောက်သည် အထိ နိုင်ငံတော် အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းသွားကြရေး၊ တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်ကို ယုံကြည်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြခြင်း ဖြစ်သည်နှင့်

ပြောင်းအပါအဝင် ဒေသတွင်း ဖြစ်ထွန်းနိုင်သမျှသီးနှံများ အောင်မြင်အောင် တိုးချဲ့ဆောင်ရွက်သွားကြရေးနှင့် တစ်ဆက်တည်း မှာပင် နောင် သားစဉ်မြေးဆက် ရေရှည် အကျိုး ခံစားရရှိနိုင်သည့် ရော်ဘာစိုက်ပျိုးရေးကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းစိုက်ပျိုးသွားကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒီကေဘီအေ အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်က ဒေသ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော် ခေါင်းဆောင်သော အဖွဲ့အား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် အဖွဲ့ဝင်များအား သစ်သီးခြင်းနှင့် စားသောက်ဖွယ်ရာများ၊ မြိုင်ကြီးငူ အထူးဒေသ မိသားစုဝင်များအတွက် အဝတ်အထည်များကို ပေးအပ်သည်။

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ရှိ ပြည်နယ်စီမံကိန်းရုံးသို့ သွားရောက်၍ ပြည်နယ်၊ ခရိုင်နှင့်

မြို့နယ် စီမံကိန်းဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အလားတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာရုံး၌ သက်ဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံကာ ပြည်ပပို့ကုန် အမည်သစ်များ တင်ပို့ရေးနှင့် စပ်လျဉ်း၍ စည်းရုံးဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ကရင်ပြည်နယ် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဆရာတော်ကြီးများ၏ ကျန်းမာရေး အခြေအနေတို့ကို မေးမြန်းလျှောက်ထားကာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ သေဠမာရ်အောင် ဘုရားကြီးသို့ ရောက်ရှိကြပြီး ဂန္ဓကုဋိတိုက်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြသည်။

သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (ဒီကေဘီအေ)အဖွဲ့ ဥက္ကဋ္ဌ ဦးသာထူးကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အဖွဲ့ဝင်များအား ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဧည့်ရိပ်သာခန်းမ၌ တွေ့ဆုံသည်။

လက်တွဲကြိုးပမ်း

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တိုင်း

အညီ မိမိတို့အဖွဲ့အစည်းဝင် မိသားစုများအပါအဝင် ဒေသနေပြည်သူများအားလုံး တရားဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုံခြုံအေးချမ်းစွာဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ပေးသွားကြရေး၊ မိမိတို့အဖွဲ့အစည်းဝင်မိသားစုများ စားဝတ်နေရေး လိုအပ်ချက်များ၊ ရေရှည်စိတ်ချရသည့် အခြေအနေများ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရေး၊ စားဝတ်နေရေး ပြည့်စုံမှုရရှိအောင် ဆန်စပါး၊ ပဲ၊

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး၊ ပဲမျိုးစုံ၊ ရော်ဘာ၊ ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ အထူးဒေသမှ တိုးတက်သောဗုဒ္ဓဘာသာကရင် အမျိုးသား အစည်းအရုံး (ဒီကေဘီအေ) အဖွဲ့ ဥက္ကဋ္ဌ ဦး သာ ထူး ကျော် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြစဉ်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ဘားအံမြို့ နိုင်ငံတော် ဩဝါဒါစရိယ သက်တော်ရှည် မဲဘောင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပိုင်းတွင် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးအား တာဝန်ရှိသူများက ထမ်းဆောင်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဝန်ကြီးဌာနအလိုက် မူလရည်မှန်းချက် တာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးရေး၊ပြည်သူလူထုနှင့်ဆက်ဆံဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များကို စိတ်စေတနာကောင်းဖြင့် မှန်မှန်ကန်ကန် ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ မိမိတို့၏ တာဝန်များကို ရိုးသားပီပြင်စွာ ကြိုးစားဆောင်ရွက်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဘားအံမြို့ မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။အလားတူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇန်နဝါရီ ၁၀ရက် ညပိုင်းတွင် ဘားအံမြို့ရှိ ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဘားအံခရိုင် ဖာပွန်၊ လှိုင်းဘွဲ့နှင့် ကမမောင်းတို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသမှ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(ဒီကေဘီအေ)အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော် ခေါင်းဆောင်သော အဖွဲ့ဝင်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဝန်ကြီးက ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ သတ်မှတ်လျာထားချက်အတိုင်း ပြည့်အောင် ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ရာတွင်လည်း လုပ်ငန်းလွယ်ကူစေရေးနှင့် စနစ်တကျရှိစေရေးအတွက် သတ်မှတ် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရေး၊ ကျေးလက်ပြည်သူများ စာဖတ်ကျင့်ရှိလာအောင်နှင့် စာကြည့်တိုက် အရည်အသွေးတိုးတက်လာအောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့အတူ ကျေးရွာတိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက် အနည်းဆုံး တစ်လုံးရှိအောင်၊ အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးရှိအောင်၊ ကျေးရွာတိုင်းသို့ အနည်းဆုံး သတင်းစာတစ်စောင်ရောက်ရှိအောင်၊ ဒို့ကျေးရွာဂျာနယ်အနည်းဆုံး တစ်စောင်စီရောက်ရှိအောင် စည်းရုံးဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးရုံးများက ဆောင်ရွက်ရမည့် ကျေးရွာတိုင်းသို့ ကွင်းဆင်းထိတွေ့ ဟောပြောရေး၊ နယ်လှည့် စာကြည့်တိုက်လုပ်ငန်းနှင့် လက်ကမ်းစာစောင်၊ နံရံကပ်စာစောင် ထုတ်ဝေရေးလုပ်ငန်းများ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရေးတို့ကိုလည်း အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခရိုင်ပြန်/ဆက်ရုံးအတွင်းရှိ အီလက်ထရောနစ်စာကြည့်ခန်း၊ နံရံကပ် စာစောင်များ၊ စာအုပ်၊ စာစောင်၊ ဂျာနယ်ထိန်းသိမ်းထားရှိမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင်လည်း ပုဂ္ဂလိကသို့ ငှားရမ်းထားသော မြန်မာ့ရုပ်ရှင်လုပ်ငန်းပိုင် ဘားအံမြို့ တက်နေဝင်းရုပ်ရှင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်ရှင်ရုံ တာဝန်ခံနှင့် ဝန်ထမ်းများအား စာချုပ်ပါအတိုင်း ရုပ်ရှင်ရုံအား ပြင်ဆင်ရမည့် လုပ်ငန်းများကို ပြီးပြတ်အောင် ပြင်ဆင်ရေး၊ ရုပ်ရှင်ရုံရေရှည်ခိုင်ခံ့ကောင်းမွန်အောင် ထိန်းသိမ်းရေး၊ မီးဘေးလုံခြုံရေးအတွက် မီးကြိုးသွယ်တန်းမှုများကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ အကူအညီဖြင့် ပြုပြင်ဆောင်ရွက်ရေး စသည်တို့ကို အသေးစိတ် မှာကြားခဲ့သည်။

ထို့အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်ဌေးခန်းမ၌ မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့အသေးစားချေးငွေ လုပ်ငန်းတို့မှ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကျောင်းရေစက်ချပွဲနှင့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ စစ်ကိုင်းစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မာနန္ဒ၏ အဂ္ဂမဟာပဏ္ဍိတပူဇော်ပွဲနှင့် ကျောင်းရေစက်ချပွဲကို ၁၃၆၆ခုနှစ် ပြာသိုလဆန်း ၁၃၊ ၁၄ ရက်တို့တွင် စစ်ကိုင်းစာသင်တိုက်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဇန်နဝါရီ ၄ ရက်မှ ၆ရက်အထိ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များမှ တာဝန်ခံဦးစီးမှူးများ လိုက်ပါလျက် မန္တလေးတိုင်း ရမည်းသင်းခရိုင်မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော တပ်ကုန်းမြို့နယ်အတွင်းရှိ ၂၀၀၄-၂၀၀၅ ခုနှစ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု လွှဘုံကြိုးဝိုင်း၊ ဆင်သေရေလှောင်တမံ ရေဝေရေလဲ စိုက်ခင်းဧက ၁၆၀၀၊ ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၂၀၀၊ ဒေသခံအစုအဖွဲ့ပိုင် စိုက်ခင်း ၁၅ဧကနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် ရေဝေရေလဲ စိုက်ခင်းဧက ၁၈၃၀၊ ကျေးရွာသုံး ထင်းစိုက်ခင်း ၃၁၅ဧကတို့၏ ကျင်းတူးခြင်းလုပ်ငန်းများ၊ ပျိုးဥယျာဉ်များ၊ မန္တလေးတိုင်း ညောင်ဦးခရိုင်အတွင်းရှိ ၂၀၀၃ ခုနှစ် ကျောက်ကူးကာကွယ်တောစိုက်ခင်းဧက ၂၅၀၊ ကြံ့ပင်ကွေ့ကာကွယ်တောစိုက်ခင်းဧက ၂၅၀ နှင့် ကြက်ဆူစိုက်ခင်းများ၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ငါ့လင်းပုတ်တောင်တန်း ပျိုးဥယျာဉ်နှင့် ကျင်းတူးခြင်းလုပ်ငန်းများ၊ မြင်းခြံခရိုင် တောင်သာတောင် စိမ်းလန်းစိုပြည်ရေးနှင့် ရက္ခဥယျာဉ် တည်ဆောက်ထားရှိမှု အခြေအနေများ၊ မကွေးတိုင်း မကွေးခရိုင် ချောက်မြို့နယ် ရွှေပုံတောင် စိမ်းလန်းစိုပြည်ရေး တမာစိုက်ခင်းတို့ကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ **(အောက်ဝဲပုံ)**

ငင်းနောက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် တာဝန်ခံများသို့ ပွင့်လင်းရာသီရောက်ပြီဖြစ်၍ စိုက်ခင်းနှင့် သဘာဝကာကွယ်တောများ မီးမလောင်အောင် စနစ်တကျ ကြိုတင်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လာမည့်မိုးရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရန် ပျိုးပင်များ စနစ်တကျပြုစုပျိုးထောင်ရေး၊ ကျင်းတူးကျင်းဖို့ခြင်းလုပ်ငန်းများ ဧပြီလကုန်အပြီး သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း အပြီးဆောင်ရွက်ရေး၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် မိမိတို့ဌာနမှ ပါဝင်ဆောင်ရွက်ရမည့် တိုင်း၊ ခရိုင်၊ မြို့နယ် တာဝန်ခံများအနေဖြင့် လုပ်ငန်းအောင်မြင်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (က-ပ)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ ယူးချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၀ ၈။ ဂီတမဟာပျော်စရာ
- ၅:၅၀ ၉။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညီမင်းလွင်)**
- ၆:၀၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၁၅ ၁၁။ Discovery
- ၆:၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ မြန်မာစာ၊မြန်မာစကား
- ၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
- ၇:၃၀ ၁၇။ လေကြောင်းကဏ္ဍတိုးမြှင့်ဖွင့်လှစ်ကာတာလေကြောင်း ခရီးစဉ်သစ်
- ၇:၄၅ ၁၈။ **အချုပ်အခြာအာဏာ ခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရှေးရှု "စက်မှုခေတ်မှသည် ရွှေနိုင်ငံသစ်ဆီ"**
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ စန္ဒရားလှထွတ်အမှတ်တရတေးများ
- ၂၃။ **မမောင်သောအလင်း (အပိုင်း-၅) "ဘဝကြမ္မာဦးတည်ရာ" (ဖိုးသောကြာ၊ဖျိုက်၊ မင်းဟိဏ်း၊ မင်းသူ၊ ရတနာခင်၊မျိုးစန္ဒီကျော်၊ နွဲ့နွဲ့မူ၊သူသူဟံသာ၊ ခင်သန်းနွယ်) [ဒါရိုက်တာ-သက်တင်]**
- ၂၄။ နောက်တစ်နေ့အစီအစဉ်
- ၂၅။ အစီအစဉ်ပြီး၏။

စက္ခုဒါန အလှူပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာ့သမဝါယမ နှစ်တစ်ရာပြည့် (၁၉၀၅-၂၀၀၅)ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့နဝရတ် သမဝါယမအသင်းလီမိတက် မျက်စိစောင့်ရှောက်မှု လုပ်ငန်းခွဲကကြီးမှူး၍ အခမဲ့မျက်စိစမ်းသပ်မှု "စက္ခုဒါန"အလှူပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အလယ်)လမ်း၊ မြေညီထပ်၊ အမှတ်-၂၁၁၊ မျက်မှန်အရောင်းစင်တာဆိုင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့နဝရတ် သမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဦးစည်သူဆွေက "စက္ခုဒါန" အလှူပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် ရန်ကုန်တိုင်း သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် မြန်မာ့နဝရတ် သမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးစန်းအောင်တို့က အခမဲ့ မျက်စိစမ်းသပ်မှု"စက္ခုဒါန" အလှူပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အခမဲ့စမ်းသပ်

အဆိုပါ မျက်စိစမ်းသပ်မှု "စက္ခုဒါန" အလှူကို ဇန်နဝါရီ ၉ရက်မှ ၂၂ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ည ၇နာရီအထိဖွင့်လှစ်ပြီး ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မျက်စိဝေဒနာရှင်များကို ကုသိုလ်ဖြစ် အခမဲ့ မျက်စိစမ်းသပ်ပေးခြင်း၊ အဝေးကြည့်၊ စာကြည့်မျက်မှန်များကို ၂၀ရာခိုင်နှုန်းလျှော့၍ ရောင်းချပေးခြင်း၊ မျက်မှန်ဝယ်ယူသူများကို နေကာမျက်မှန်တစ်လက်စီ မေတ္တာလက်ဆောင်ပေးခြင်းနှင့် ရဟန်းသံဃာတော်များ၊ သီလရှင်များကို ရာသက်ပန် မျက်စိအခမဲ့ စမ်းသပ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။(က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကရင်ပြည်နယ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးသည် မိမိတို့လက်ထက်တွင်သာ ဖြစ်ထွန်းနေရုံမက နောင်သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးသွားရမည့်အမျိုးသားရေးတာဝန်များဖြစ်

➪ ကျောဖုံးမှ

ကရင်ပြည်နယ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲအခမ်းအနားတွင် ရှေးဦးစွာ ကရင်ပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက ကရင်ပြည်နယ်၏ အကျယ်အဝန်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ပြည်နယ်အတွင်း မြေယာအသုံးချမှု အခြေအနေ၊ ပြည်နယ်၏ ဆန်ဖူလုံမှုနှင့် မိုးစပါး ဧက ငါးသိန်း၊ နွေစပါး ဧက ၁၅၀၀၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ရည်မှန်းဆောင်ရွက်နေမှု၊ အဓိကသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဆီထွက်သီးနှံ သစ်ဆိမ့်နှင့် စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု၊ ငါး၊ ပုစွန်၊ ဝက်၊ ဒေသ ကြက်မွေးမြူထားရှိမှု၊ ပြည်နယ်အတွင်း လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် အတွင်းရေးမှူး(၁) ဦးဆောင်သည့် မိမိတို့အဖွဲ့အနေဖြင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ယနေ့ လာရောက်ကြခြင်းဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံ

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဒေသအခြေအနေ တင်ပြချက်များအရ မြို့နယ် လေးမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံမှုမရှိသေးသော်လည်း ကရင်ပြည်နယ်တစ်ခုလုံးအနေဖြင့် ဒေသဝမ်းစာဖူလုံနေပြီဟုသိရကြောင်း၊ မြို့နယ်တစ်ခုချင်းအလိုက် ဒေသဝမ်းစာဖူလုံမှုရှိရေးအတွက် ဖြစ်နိုင်သမျှ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် ကရင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းကဏ္ဍအချို့တွင် တိုးတက်မှုများရရှိနေသကဲ့သို့ အချို့လုပ်ငန်းများမှာလည်း တိုးတက်မှုများရရှိမည့် အခြေအနေကောင်းများ ရရှိဖြစ်ထွန်းနေသည်ကို သိရှိရကြောင်း၊ ကဏ္ဍအားလုံးတွင် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးစေရအောင် အရှိန်မပျက် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဤကဲ့သို့ အောင်မြင်တိုးတက်မှုများ ရရှိနေခြင်းမှာလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများအပိုင်းက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အကျိုးရလဒ်ကောင်းများကြောင့် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ရပ်တည်သွားနိုင်စေရအောင် နေ့စဉ်နှင့်အမျှ တိုးတက်နေသည့် ကမ္ဘာ့နိုင်ငံများနှင့်အတူ အမီလိုက်ပါစေနိုင်ရအောင်၊ ကဏ္ဍအားလုံးတွင် တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရအောင် ပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

သမိုင်းမှတ်တိုင်

ဤကဲ့သို့သော ကြိုးပမ်းဆောင်ရွက်မှုများမှာလည်း နိုင်ငံနှင့်ပြည်သူများ၏ အထင်ကရ ကျန်ရစ်နေမည့် သမိုင်းမှတ်တိုင်များပင် ဖြစ်ပါကြောင်း။

ယနေ့အောင်မြင်မှုများသည် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ပြည်သူများက တက်ကြွသည့်အားမာန်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ရရှိဖြစ်ထွန်းလာသည့် အောင်မြင်မှုများဖြစ်သည်နှင့်အညီ ရှေ့ဆက်မည့် နိုင်ငံတော် ခေတ်မီတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက လက်ရှိနိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေတွင် ကရင်ပြည်နယ်၏ ပါဝင်မှုအချိုးအစားတို့ကို နှိုင်းယှဉ်တင်ပြပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်အကောင်အထည်ဖော်ရန်လိုအပ်သည့် အခြေအနေတို့ကို ကဏ္ဍများအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိုင်ငံတော်အစိုးရ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၏ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုကြောင့် နယ်စပ်ဒေသများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ဈေးကွက်ဝင်ထုတ်ကုန်ပစ္စည်းများ အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးပုံမှန် ကုန်သွယ်ရေးလုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြန်ကြားရေး၊ ပညာပေးရေး၊ ဖျော်ဖြေရေးအစီအစဉ်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာတမ်းများမှ တစ်ဆင့် ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ရောက်ရှိအောင် ဆောင်ရွက်နေမှုနှင့် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပုံတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တွေ့ဆုံမှာကြားရာတွင် မိမိအနေဖြင့် ကရင်ပြည်နယ်သို့ နဝင်ဘာလက တစ်ကြိမ် ရောက်ရှိခဲ့ပြီး ယခုဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ ယနေ့ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြား လိုကြောင်း။

ဒို့တာဝန်အရေးသုံးပါး

တပ်မတော်အနေဖြင့် ၁၉၈၈ ခုနှစ်က ပေါ်ပေါက်ခဲ့သည့် နိုင်ငံတော်ပြိုကွဲမည့် အခြေအနေများကြောင့် နိုင်ငံ့တာဝန်များကို ထိန်းသိမ်းရယူခဲ့ရကြောင်း၊ တပ်မတော်က နိုင်ငံတာဝန်များကို စတင်တာဝန်ယူစဉ်ကပင် မိမိတို့ပြည်ထောင်စု နိုင်ငံတော်ကြီးအတွက် အသက်တမျှ အရေးကြီးလှသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ပြီး တစိုက်မတ်မတ် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။

ယင်း ဒို့တာဝန်အရေးသုံးပါးသည် မိမိတို့လက်ထက်တွင်သာ ဖြစ်ထွန်းနေရုံမက နောင်သားစဉ်မြေးဆက်တိုင် လက်ဆင့်ကမ်းပေးသွားရမည့် အမျိုးသားရေး တာဝန်များပင် ဖြစ်ကြောင်း။

အေးအတူပူအမျှ

မိမိတို့ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော် ရှေးနှစ်ပေါင်းများစွာကပင် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ တိုင်းရင်းသားအားလုံး ရေကြည်ရာ မြက်နုရာဆိုသကဲ့သို့ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ပြီး တစ်ဦးကိုတစ်ဦး စောင့်ရှောက်နေထိုင်လာခဲ့ကြကြောင်း၊ ပြည်နယ်နှင့်တိုင်း တစ်ခုအတွင်းမှာပင် တိုင်းရင်းသားမျိုးစုံ ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိနေကြသည့်အတွက် ပြည်နယ်များနှင့် တိုင်းများဟု အမည်နာမ အခေါ်အဝေါ် ကွဲပြားနေသော်လည်း ပြည်ထောင်စုလေးများ အသွင်သဏ္ဌာန် ဖော်ဆောင်လျက်ရှိနေကြကြောင်း၊ ဤပြည်ထောင်စုလေးများ စုပေါင်းပြီး ပြည်ထောင်စု နိုင်ငံတော်ကြီးအဖြစ် ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးမှာ အထူးထိန်းသိမ်းစောင့်ရှောက်ရမည့် အမျိုးသားရေး တာဝန်များဖြစ်ကြောင်း။

ထို့ပြင် မိမိတို့ တိုင်းရင်းသားများအနေဖြင့် လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသဖြင့် သူ့ကျွန်ဘဝဖြင့် နှစ်ပေါင်းတစ်ရာကျော်နေထိုင်လာခဲ့ကြရသည့် ဆိုးကျိုးများကိုလည်း ခါးသီးစွာ တွေ့ကြုံခံစားခဲ့ကြရပြီး ဖြစ်ကြောင်း။

ထို့ကြောင့် လွတ်လပ်ရေး မဆုံးရှုံးရလေအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရန် လိုအပ်သကဲ့သို့ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီး နိုင်ခွင့်ရှိသည့် အချုပ်အခြာအာဏာ မိမိတို့တိုင်းရင်းသားများ၏ လက်ထဲတွင်သာ အစဉ်အမြဲ တည်ရှိနေရအောင် တိုင်းရင်းသားအားလုံး ထိန်းသိမ်း ကာကွယ် စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားတိုင်း၊ နိုင်ငံသားတိုင်း အမြဲထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်ကြောင်း။

တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော် တာဝန်များကို စတင်ရယူစဉ်ကပင် ချမှတ်ခဲ့သည့် အမျိုးသားရေးမူဝါဒနှင့်အတူ နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက် လေးရပ်နှင့် လူမှုရေးဦးတည်ချက် လေးရပ်တို့ကိုလည်း ချမှတ်ပြီး တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားညီလာခံ

နိုင်ငံရေး ဦးတည်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး အခြေခံကောင်းများ ဖြစ်ထွန်းရရှိလာပြီဖြစ်၍ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်နှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း။

တစ်ဆက်တည်းမှာပင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ခိုင်ခိုင်မြဲမြဲ ရေရှည်ရပ်တည်သွားစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားများ တောင့်တင်းခိုင်မာစေရေးအတွက် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီ စနစ်များ အစဉ်အမြဲရှင်သန် ဖွံ့ဖြိုးနေစေရေးအတွက် အဓိကကျသည့် စီးပွားရေး ခိုင်မာတောင့်တင်းစေရန် အရေးကြီးကြောင်း။

နိုင်ငံတော်စီးပွားရေး အခြေအနေကောင်းများ ရရှိစေရေးအတွက် နှစ်ရှည်၊ နှစ်တို စီးပွားရေး စီမံကိန်းများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ စီးပွားရေး အခြေခံကောင်းများ ရရှိနေပြီလည်းဖြစ်ကြောင်း၊ ထို့အတူ လူမှုရေးဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံများဖြစ်သည့် ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အထူးကုဆေးရုံကြီးများကိုလည်း မြို့ကြီးများမှာရော ဖွံ့ဖြိုးရေးဒေသကြီးများတွင်ပါ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် အခြေခံကောင်းများကို အမိအရ အသုံးချလျက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ အောင်မြင်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့အဝင် ဝိဇယဘူမိ မဟာမင်္ဂလာအောင်မြေကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ရှိ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်၍ ရန်တိုင်းအောင် စေတီတော်တည်ဆောက်ရေးလုပ်ငန်း ဓာတ်ပုံမှတ်တမ်းများကိုလည်းကောင်း၊ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၌ လှူဒါန်းမည့် ကြေးပိဿာချိန် ၅၂၀ ရှိသည့် ကြေးသွန်းခေါင်းလောင်းတော်ကြီးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် သာသနာ့ ဗိမာန်တော်ကြီးအတွင်း၌ ယာယီ ကိန်းဝပ်စံပယ်တော်မူနေသည့် ပတ္တမြားမျက်ရှင်အဘယမုနိ ဆုတောင်းပြည့် ကြေးသွန်း ဆင်းတုတော်ကြီးနှင့် ဗုဒ္ဓရုပ်ပွား ကြေးသွန်းဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တိုင်းမှူးတို့အား စေတီတော် တည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က စေတီတော်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ အလှူတော်ငွေများ ရရှိသုံးစွဲမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူးတို့က စေတီတော်တည်ဆောက်ရေး လုပ်ငန်းများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် စေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ၁၀၈ ပေအမြင့်ရှိ တံခွန်တိုင်ကြီးတည်ဆောက်နေမှု၊ တံခွန်တိုင်ပေါ်တွင် တည်ဆောက်မည့် ဟင်္သာရုပ်အား သံချည်သံကွေးတို့ဖြင့် တည်ဆောက်နေမှုနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက စေတီတော်ကြီးအား မြန်မာမှုအနုပညာ၊ ဗိသုကာလက်ရာများဖြင့် ကြည်ညိုသပ္ပာယ်အောင် တည်ဆောက်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြောင်းမြလမ်း တိုက်(၁) အခန်း(၂) မြေညီထပ်နေ ဦးတေဇအားရည်စုး၍ ဒေါ်တင်ရီမိသားစုတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ ခုနစ်ထပ်ကျောင်းတော်ကြီး စက်ရေတွင်းနှင့် ရေကန်၊ ရေစက်အတွက် အလှူငွေကျပ် သိန်း ၂၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ-နီ ရန်ကုန်ဌာန ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ကြီး-ကလော-တောင်ကြီး တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသည့် တောင်ကြီး-ကလော-တောင်ကြီး အမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့ဝင်မုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် စက်ဘီးအားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမျိုးသားအလွတ်တန်း ကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲကို လည်းကောင်း၊ အမျိုးသမီးအလွတ်တန်း ၆၉ ဒသမ ၅ ကီလိုမီတာ တာဝေးစက်ဘီးပြိုင်ပွဲကို လည်းကောင်း သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲ အခမ်းအနားကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်သို့ ငွေကျပ် ၈၆သိန်းနှင့် စက်ဘီးတာယာ ၁၁၂ လုံးတို့ကို အလှူရှင် အသီးသီးတို့က ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံကြသည်။

အမျိုးသမီး အလွတ်တန်း ၆၉ ဒသမ ၅ ကီလိုမီတာတာဝေးပြိုင်ပွဲတွင် စံချိန် ၂နာရီ ၅၅မိနစ် ၅၁ဒသမ ၅၉စက္ကန့်ဖြင့် နန်းအိအိထွေးက ပထမရရှိပြီး သန်းသန်းကျင် (မွေး/ရေ)က ဒုတိယ၊ အေးအေးသင်း (မွေး/ရေ)က တတိယ ရရှိကြသည်။

အမျိုးသားအလွတ်တန်း ကီလိုမီတာ ၁၆၀တာဝေးပြိုင်ပွဲတွင် စံချိန် ၄နာရီ ၀၉မိနစ် ၄၈ ဒသမ ၆၅ စက္ကန့်ဖြင့် မင်းမင်းဟန်(လယ်/ဆည်)က ပထမ၊ ဝင်းလှိုင်(ရကတ)က ဒုတိယ၊ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)က တတိယရရှိကြသည်။

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၄၃ဦးနှင့် အမျိုးသမီး ၁၀ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ (သတင်းစဉ်)



ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့နှင့်အတူ ဇန်နဝါရီ ၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပျဉ်းမနားမြို့၏ အရှေ့ဘက် လက်ရှိ ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ အထက်ဘက်မိုင် ၃၀ ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထက်ပေါင်းလောင်း ရေအား လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိကြပြီး ပေါင်းလောင်းမြစ်ရေ စီးဆင်းမှု ဇလဗေဒနှင့် ဘူမိဗေဒ တိုင်းတာရေးလုပ်ငန်းများ၊ အပေါ်ယံမြေသားရှင်းလင်းခြင်းလုပ်ငန်း၊ တမံအူလမ်းကြောင်း ဖော်ထုတ်ခြင်းလုပ်ငန်း၊ စက်ရုံတည်ဆောက်ရန် နေရာရွေးချယ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးတက်ရရှိစေရေး လိုအပ်သော ဆည်ရေပမာဏ ဖြည့်ဆည်း ပေးနိုင်ရန်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန် ရေအားလျှပ်စစ်စက်ရုံကိုပါ ထပ်မံတည်ဆောက်သွားမည့် စီမံကိန်းတစ်ခုဖြစ်သည်။ ယခုအခါ စီမံကိန်းချဉ်းကပ်လမ်း ဖောက်လုပ်ခြင်း၊ ပေါင်းလောင်းမြစ် ဇလဗေဒနှင့် ဘူမိဗေဒ စူးစမ်းတိုင်းတာမှု၊ ဒီဇိုင်းရေးဆွဲမှုလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဇန်နဝါရီ ၉ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ လိုက်ပါ၍ ပဲခူးတိုင်း အုတ်တွင်းမြို့ အနောက်ဘက် ၁၈ မိုင်ခန့်အကွာ ခပေါင်းချောင်း၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် လျာထားသည့်နေရာ၊ တိုးလျှိုပေါက် ဖောက်လုပ်ပြီးစီးပြီဖြစ်သော ရေယူဥမင်လိုဏ်တစ်လျှောက်နှင့် ရေလျှံထိန်းစည် တည်ဆောက်မှုလုပ်ငန်း၊ ရေယူ အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ ပြီးစီးရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ရေး၊ စက်သုံးဆီ၊ ဘိလပ်မြေနှင့် လုပ်ငန်းသုံးပစ္စည်းများကို ချွေတာသုံးစွဲရေး၊ အလေအလွင့် နည်းပါးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ဆက်စပ်လုပ်ကိုင်လျက်ရှိသော ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို မှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာတုန်းတာ ကုန်စည်ပြပွဲ (၂၀၀၅) ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာတုန်းတာ ကုန်စည်ပြပွဲ-၂၀၀၅ ကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းမရှိ ရန်ကုန် ကုန်သွယ်မှု ဗဟိုဌာနတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် တုန်းတာကုမ္ပဏီလီမိတက်မှ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာအမျိုးမျိုး၊ ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ လက်သမားသုံးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများ၊ ကားပေါ်လစ်များ၊ သံချေးချွတ်ဆေးများ၊ မြက်ရိတ်စက်များ၊ ကော်အမျိုးမျိုး၊ သစ်ဖြတ်စက်များ၊ အလူမီနီယံလှေကားများ၊ မီးစက်များ၊ သော့အမျိုးမျိုး၊ ကြမ်းခင်း၊ မျက်နှာကြက် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ မိတ္တူကူးစက်၊ လေဆာပရင်တာပစ္စည်းများကို လည်းကောင်း၊ အခြားကုမ္ပဏီနှင့် အရောင်းဆိုင်များကလည်း လူသုံးကုန်ပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း၊ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲများ၊ တေးဂီတ ဖျော်ဖြေပွဲများဖြင့် တင်ဆက်ပြသသွားမည်ဖြစ်ပြီး ဟက်ပီးဝါးမှ ကလေးကစားစရာ အစီအစဉ်ပါဝင်မည်ဖြစ်သည်။ အထူးအစီအစဉ်အဖြစ် ပန်းချီရေးဆွဲပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၄ ရက် နောက်ဆုံးထား၍ တုန်းတာကုမ္ပဏီလီမိတက် ဖုန်း-၂၉၈၁၂၈၊ ၂၉၅၆၁၃ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်တင်အေးအားရည်စူး၍ အမှတ်(၁၆၇) ကန်ဦးကျောင်းလမ်း ဖော့ကန်ရပ်ကွက် အင်းစိန်မြို့နယ်နေ ဦးသန်းမောင်မိသားစုက ကျပ်တစ်သိန်း၊ သမီး ဒေါ်ဝင်းတင့်က ကျပ်တစ်သောင်းကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး ငွေပဒေသာပင် အလှူငွေအဖြစ် ဇန်နဝါရီ ၁ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့် လက်ခံစဉ်။ (က-ပ)

လုပ်သားများကောလိပ် (ရူပဗေဒ) အာစရိယ ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

၁၉၇၂-၇၇ ပညာသင်နှစ် လုပ်သားများကောလိပ် ရူပဗေဒအဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အမှတ် (၁၅/ခ) ပြည်ထောင်စုလမ်း ၇ွတ္တာလစ် ဗဟန်းမြို့နယ်ရှိ AIT (Early Learning Centre) ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူ ဟောင်းတိုင်းတက်ရောက်ကြပါရန်နှင့် လှူဖွယ်ပစ္စည်းများကို ကျင်းပမည့်နေ့မတိုင်မီ ဦးကျော်သူ ဖုန်း-၂၅၆၆၀၂၊ ဦးစိန်သန်း ဖုန်း-၅၇၉၉၂၆၊ ဦးတင်အေး ဖုန်း-၆၆၆၇၁၈၊ ဒေါ်ခင်ခင်လှ ဖုန်း-၅၄၀၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မိုး သတိပြု

လောကချမ်းသာရွှေသိမ်တော်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

မကွေးတိုင်း ရေစကြိုမြို့နယ် မအူလေးရွာ တိုက်နယ်ဆေးရုံရှေ့ရှိ သဗ္ဗညုတမုနိလောကချမ်းသာ ရွှေသိမ်တော်စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက်၉နာရီကကျင်းပသည်။**(ဓါတ်ပုံ)**

အခမ်းအနားတွင် ရွှေထီးတော်နှင့် စိန်ဖူးတော်ကုသိုလ်ရှင် ကံပွင့် အမွေးတိုင်လုပ်ငန်းရှင် ဦးအောင်သန်း-ဒေါ်ခင်သန်းဦး(သီရိသုမင်္ဂလ)မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် မြသပိတ်တော် လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်တို့အား ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဝေဇယန္တာကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က ထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်တွင် တင်လှူကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို အလှူရှင်များဖြစ်သော မယဉ်နွယ်ဝင်းနှင့် သူငယ်ချင်းများ [နောက်ဆုံးနှစ် အပိုင်း(ခ) ဆေးတက္ကသိုလ်-၁]က အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းအောင်သို့ ဒီဇင်ဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲစတင် မြန်မာအသင်း ရွှေ(၄)၊ ငွေ(၂)နှင့် ကြေး(၅)ဖြင့် ဦးဆောင်နေ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲ၏ မီတာ(၇၀) မြားပစ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. San Gun Kosavinta **နှင့် တာဝန်ရှိသူများ၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အမှုဆောင်များ၊ ဂျူရီအဖွဲ့ဝင်များ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် အိမ်ရှင် မြန်မာနိုင်ငံတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့် မြားပစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**

ရှေးဦးစွာ နံနက် ၉နာရီခွဲတွင် အမျိုးသမီး Recurve မီတာ(၇၀)မြား ၇၂ချောင်းပစ်ပြိုင်ပွဲနှင့် အမျိုးသား Compound မီတာ(၇၀) မြား ၇၂ ချောင်းပစ်ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသားအသင်းလိုက် Compound ပြိုင်ပွဲတွင် မြန်မာ(က)အသင်းက ပထမ ရွှေတံဆိပ်၊ ထိုင်းအသင်းက ဒုတိယ ငွေတံဆိပ်နှင့် မြန်မာ(ခ)အသင်းက တတိယကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် ပေါ်ဦးက ၆၈၂ မှတ်ဖြင့် ပထမ ရွှေတံဆိပ်၊ မျိုးအောင်ဆန်းက ၆၇၄မှတ်ဖြင့် ဒုတိယငွေတံဆိပ်၊ လင်းနိုင်က ၆၆၀ မှတ်ဖြင့် တတိယကြေးတံဆိပ်ရရှိကြသည်။

အမျိုးသမီးအသင်းလိုက် Recurve ပြိုင်ပွဲတွင် မလေးရှားအသင်းက ပထမ ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယငွေတံဆိပ်နှင့် မြန်မာအသင်းက တတိယကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်းပြိုင်ပွဲတွင် မလေးရှားအသင်းမှ အားကစားသမားသုံးဦးက ပထမ၊ ဒုတိယနှင့်တတိယဆုများရရှိကြသည်။

ထို့နောက် ညနေ ၃နာရီတွင် အမျိုးသမီးCompound မီတာ(၇၀)မြား ၇၂ ချောင်းပစ်ပြိုင်ပွဲနှင့် အမျိုးသား Recurve မီတာ(၇၀) မြား ၇၂ချောင်းပစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အသင်းလိုက် Recurve ပြိုင်ပွဲတွင် မလေးရှားအသင်းက ပထမ ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယ ငွေတံဆိပ်နှင့် မြန်မာအသင်းက တတိယကြေးတံဆိပ်ရရှိပြီး တစ်ဦးချင်း ပြိုင်ပွဲတွင် မလေးရှားမှ Mr. Cheng Chu Sian က ပထမ၊ အင်ဒိုနီးရှားမှ Mr. Kuswantoro က ဒုတိယနှင့် မလေးရှားမှ Mr. MD Marbawi Sulaiman က တတိယရရှိသည်။

အမျိုးသမီးအသင်းလိုက် Compound ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမနှင့် ဗီယက်နမ်အသင်းက ဒုတိယ ရရှိကြပြီး တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ယုနန္ဒာထိုက်က ပထမ၊ သင်းသင်းခိုင်က ဒုတိယနှင့် မေရီစန်းက တတိယရရှိကြသည်။

ယနေ့ ကျင်းပသည့် ပထမနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းက ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ငါးခု ရရှိပြီးပြိုင်ပွဲကို ဦးဆောင်နေသည်။

ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာဆရာတော် ဓမ္မခရီး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီကျောင်းတိုက်မှ မိုးကုတ်ဝိပဿနာနယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ(ဓမ္မာစရိယ)သည် ပြာသိုလဆန်း ၆ရက်၊ ၇ရက် ညများတွင် ဝေါမြို့နယ် အဘားရွာ၊ ၉ရက်မှ ၁၅ရက်အထိ ဝေါမြို့နယ် မြစ်ကျိုးမြို့အဖွဲ့ခွဲ(၂၂၂)၊ ပြာသိုလပြည့်ကျော် ၃၊၄၊၅ရက် ညများတွင် တောင်ကုတ်မြို့နယ် ပန်းတင်းကျွန်း၊ ၉ရက်မှ ၁၅ရက်အထိ မအူပင်မြို့နယ် တရုတ်လတ်ရွာအဖွဲ့ခွဲ(၃၇၅)၊ တပို့တွဲလဆန်း ၂ရက်မှ ၈ရက်အထိ ညောင်တုန်းမြို့နယ် ပါလှည့်ရွာ၊ လဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ရက်အထိ မအူပင်မြို့နယ် ဝဲဒေါင့်ရွာ၊ လပြည့်ကျော် ၃ရက်မှ ၉ရက်အထိ ကျိုက်လတ်မြို့နယ် တုံးလုံ၊အထနီးရွာတို့တွင် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုနန္ဒာ(၄)လမ်း အမှတ်(၅၅-ဘီ)နေ ဒေါ်ကျင်စိန်၏ (၈၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ်သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ဇန်နဝါရီ ၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမာရွတ်မြို့နယ် အထက(၅) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်ကြင်အောင်နှင့် ကျောင်း အကျိုးတော်ဆောင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

နှစ်ဖက်သော မိဘများနှင့် ဦးအောင်မင်းလွင်အား ရည်စူး၍ အမှတ်(၁၃) ဒဂုံသီရိလမ်း ကျောက်မြောင်းနေ ဦးကျော်ရွှေ-ဒေါ်မြမာလာ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

MICT Park ၊ ရန်ကုန်မြို့

ဆုချီးမြှင့်

အမက(၁၉) ဒဂုံမြို့သစ်တောင်ပိုင်း၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လွင်က ပထမတန်းဘာသာစုံ ပထမဆုရရှိသော မောင်ကျော်နန္ဒာလေးဝင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

တာမွေမြို့နယ် အမက(၂၈)၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အေးက ကျောင်းမိသားစု ဘက်စုံဆုနှင့် တစ်မြို့နယ်လုံးတွင် အင်္ဂလိပ်စာ ဒုတိယဆုရသူ စတုတ္ထတန်းကျောင်းသူ မမေသဉ္ဇာခိုင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

သီပေါ-ကွန်ဟောက်ကျေးလက်လမ်းပေါ်ရှိ သစ်သားတံတား ပြင်ဆင်မှုလုပ်ငန်းကို ဒီဇင်ဘာ ၁၉ ရက်က သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာဦးမျိုးမင်းညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်

လှိုင်သာယာ ဇန်နဝါရီ ၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီးအား ဦးထိပ်ထား၍ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မီးခွက်ဈေးအနီး သောင်ကြီး ပရိယတ္တိစာသင်တိုက်၏ မိုးကုတ်ဓမ္မရိပ်သာကြီးတွင် (၁၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲကကျင်းပရာ သောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ၏ဩဝါဒကိုခံယူ၍ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တခေမာစာရ (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက)မှ မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း တရားဟောပြောပြသကြောင်း သိရသည်။ **(က-ပ)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်ဦး၊ ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုတို့ သဖန်းပင်ဆိပ်ကျေးရွာအုပ်စု လေ့ဆိုင်ရွာ ဦးသိန်းအောင်နှင့် ဦးလှသိန်းတို့၏ ကျေးလက်အိမ်ရာများ တည်ဆောက်နေမှုတို့ကို ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။
(၄၉၇)

ကျေးလက်မြေသားလမ်းဆောင်ရွက်မှုကြပ်မတ်ဆောင်ရွက်

ကျောက်တံခါး ဇန်နဝါရီ ၁

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွက် ဖျံတလင်းရွာသို့ သွားသော မြေသားလမ်းဆောင်ရွက်နေမှုအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့ ဒီဇင်ဘာ ၂၆ ရက်က စစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါလမ်းသည် အကျယ် ၁၆ ပေ၊ အရှည် တစ် မိုင်ခွဲရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့လုံးကျွတ်သန့်ရှင်းရေးပြုလုပ်

ဆင်ဘို ဒီဇင်ဘာ ၃၀

ဆင်ဘိုမြို့ စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး အတွက် ဒီဇင်ဘာ ၁၀ ရက်တွင် မြို့လုံးကျွတ်သန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်လွင်ထွန်းတို့က လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

ကျေးလက်ဂဝံလမ်းနှင့် မြို့ပြကတ္တရာလမ်းများဖွင့်

ခရမ်း ဇန်နဝါရီ ၂

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက် ပြီးစီးခဲ့သောခရမ်း-ပုဂံတောင် ကျေးလက်ဂဝံလမ်းနှင့် အမှတ်(၂)ရပ်ကွက်ရှိ အောင်ဓမ္မရိပ်သာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်းအသီးသီးတွင်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော်၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ခရမ်း-ပုဂံတောင် ကျေးလက်ဂဝံလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် ပုဂံတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းသည် အကျယ် ၁၀ ပေ၊ အရှည် ၁၇၃၆ ပေရှိပြီး ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၃၆၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။

၎င်းနောက် အမှတ်(၂)ရပ်ကွက်ရှိ အောင်ဓမ္မရိပ်သာ ကတ္တရာလမ်းအား ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးချစ်သက်ဇော်နှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းသည် အကျယ် ၁၀ ပေ၊ အရှည် ၃၆၁ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၁၈၀၀၀၀၀ နှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၅၄၀၀၀၀ စုစုပေါင်းကုန်ကျငွေကျပ် ၂၃၄၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်စည်ပင်)**

ကွတ်ခိုင်မြို့ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့အား ရေပိုက်ဆက်သွယ်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိဦးသန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးခင်မောင်ဋ္ဌေးတို့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

နိုဝင်ဘာ ၃၀ ရက်က လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြ ဒေါနလမ်း ရေထုတ်ပြွန်တံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(နယ်စပ်စည်ပင်)

သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဟောပြော

သံတောင် ဒီဇင်ဘာ ၃၁

ကရင်ပြည်နယ် သံတောင်မြို့ အထက်တန်းကျောင်းခန်းမဆောင်တွင် ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်ပညာပေးဟောပြောပွဲနှင့်မြို့နယ်အဆင့်၊ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မေမေကြိုင်၊ ခေတ္တမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာပုညာ၊ မြို့နယ်သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာပင်စီမေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြမြဝင်းနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြပြီး ခေတ္တမြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာပုညာက ပဏာမသွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်အား ပညာပေးဟောပြောသည်။ **(၂၈၁)**

ရေတွင်းတူးဖော်

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်လွင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးမင်းအောင်တို့ ပဝတ်ဖျားကျေးရွာ လက်တူးတွင်း ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။
(နယ်စပ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေး သတင်းများ

စုပေါင်းဆောင်ရွက်

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒီဇင်ဘာ ၁၈ ရက်တွင် စည်ပင်သာယာဈေးကြီး ပတ်လည်ရှိ ရေနုတ်မြောင်းများ အတွင်းရှိ သဲ၊ နုန်းများ၊ စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ စုပေါင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သုံးခွမြို့တွင်း ဂဝံလမ်းသစ်ဖွင့်

သုံးခွ ဒီဇင်ဘာ ၃၀

သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော သုံးခွမြို့ ကျန်စစ်လမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက်က အဆိုပါလမ်းတွင် ကျင်းပရာ စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဦးကျော်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများတက်ရောက်ကြသည်။

ကျန်စစ်လမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဒုတိယရဲမှူးချင်းစိန်နှင့် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဋ္ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းသည် အကျယ် ၁၀ ပေ၊ အရှည် ပေ ၉၅၀ ရှိ၍ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ် ၁၈၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့သည်။ **(နယ်စပ်စည်ပင်)**

ယခင်ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများအပေါ် သင်ခန်းစာယူ လိုအပ်ချက်၊ ချို့ယွင်းအားနည်းချက်မရှိအောင် ပြည့်စုံအောင်ပြုပြင် ငွေကြေးသုံးစွဲမှုတွင်လည်း ခြိုးခြံချွေတာပြီး အလေအလွင့်မရှိအောင်ကြပ်မတ်

❒ ရွှေဖုံးမှ

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ဖိတ်ကြား

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၂၃ရက်ကကျင်းပခဲ့သည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကို ဖေဖော်ဝါရီလတွင် ပြန်လည်ကျင်းပမည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ အမျိုးသားညီလာခံကို ယခု ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့တွင် ပြန်လည်စတင်ကျင်းပမည်ဖြစ်ကြောင်း၊ သို့ပါ၍ တာဝန်ရှိသူများအနေဖြင့် ဖိတ်ကြားရမည့် အစုအဖွဲ့ရှစ်ဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင်စခန်းသို့ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်နေ့ထက်နောက်မကျဘဲ လာရောက်ရေး ဖိတ်ကြားကြရန်လိုကြောင်း။

စနစ်တကျ ကြိုတင်စီမံ

ထို့အတူ ညီလာခံသို့တက်ရောက်လာကြမည့် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ ညောင်နှစ်ပင်စခန်းသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြိုတင်စီမံဆောင်ရွက်ကြစေလိုကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း ညီလာခံအတွက် ကြိုတင်ပြင်ဆင်ရမည့်ကိစ္စအဝဝကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ထားရန်လိုကြောင်း။

စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း ကိုယ်စားလှယ်များ နေထိုင်၊သွားလာ၊ စားသောက်ရေး၊ ရေ၊ မီးများပြည့်စုံမှုရရှိရေး၊သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ပျော်ရွှင်မှုအတွက် အားကစားနှင့် ဖျော်ဖြေရေး၊ စခန်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေး စသည်တို့ကို အားလုံးပြည့်စုံအောင် ကြိုတင်စီမံ ဆောင်ရွက်စေလိုကြောင်းဖြင့် အသေးစိတ်မှာကြားသည်။ **စာမျက်နှာ ၇ ကော်လံ ၂ သို့** ❍

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့နိုင်ငံတော်အတွင်း ဖြစ်ထွန်းရရှိနေသည့် အခြေခံကောင်းများကို အမိအရအသုံးချ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျင်းပလျက်ရှိသည့်အမျိုးသားညီလာခံ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကရင်ပြည်နယ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၄၅မိနစ်တွင် ဘားအံမြို့ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်နယ်ခန်းမ၌ ကရင်ပြည်နယ် ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ➪

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- * ***“မြန်မာ့အားကစား အရှိန်အဟုန်မြင့်တင်၊ အားကစားပြိုင်ပွဲတိုင်း အောင်ပန်းဆင်နိုင်ရေးကြိုးပမ်း”*** (ခေါင်းကြီး) စာမျက်နှာ(၂)
- * *ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း မောင်မယ်များသည် ပညာရေးဝန်ထမ်းများအဖြစ်သာမက ဒေသဖွံ့ဖြိုးရေး အတွက်လည်း ခေါင်းဆောင်ငယ်များအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်အောင် သင်တန်းကာလအတွင်း နိုင်ငံတော်က စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။* ကျော်မင်းခေါင်၏ ***“အမိနိုင်ငံတော်အတွက်သားကောင်းသမီးမွန်များ ပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်”*** (ဆောင်းပါး) စာမျက်နှာ(၆)

ထူးခြားသည့်ညအပူချိန်များ

၁၁-၁-၂၀၀၅

ဟားခါး	(-၂)	ဒီဂရီစင်တီဂရိတ်
နမ့်ဆန်	(-၁)	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	(၀)	ဒီဂရီစင်တီဂရိတ်